ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ တနင်္လာနေ့ (27-2-2012) (၇၀၄၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေးပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံစီးပွားရေးဝန်ကြီးများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ Senior Minister & Minister of Commerce, H.E. Mr. Cham Prasidh၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Second Minister of Foreign & Trade, H.E. Phehin Dato Lim Jock Seng၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister of Trade , H.E. Mr. Gita Irawan Wirjawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Minister of Industry and Commerce, H.E. Dr. Nam Viyaketh၊ မလေးရှားနိုင်ငံ Minister of International Trade and Industry, H.E. Dato' Sri Mustapa Mohamed၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ Secretary of Department of Trade and Industry, H.E. Mr. Gregory L Domingo၊ စင်ကာပူသမ္မတနိုင်ငံ Minister of Trade and Industry, H.E. Mr. Lim Hng Kiang၊ ထိုင်းနိုင်ငံ Minister of Commerce, H.E. Mr. Boonsong Teriyapirom၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Minister of Industry and Trade, H.E. Dr. Vu Huy Hoang နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dr. Surin Pitsuwan တို့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေးပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

သတ်မှတ်အခွန်ထက်ပိုမိုကောက်ခံ၍ လေလံလုပ်ငန်းလုပ်ပိုင်ခွင့်အား ရုပ်သိမ်း

ပြည်တွင်းသတင်း စာမျက်နှာ - ၉

မျိုးဆက်သစ်အားကစားသမားများ ညောင်ရွှေမြို့နယ်၌ ရှာဖွေရွေးချယ်

အားကစားသတင်း စာမျက်နှာ - ၆

စစ်သဘော်ပျက်မှ ဆယ်ယူရရှိသော ရတနာများ စပိန်သို့ရောက်

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့် ၂၇-၂-၂၀၁၂[တနင်္လာနေ့]။

စိတ်ဥယျာဉ် နှလုံးအိမ်တွင်

လူ၏စိတ်ကို ဥယျာဉ်တစ်ခုနှင့် ပမာပြုလိုပါသည်။

ဥယျာဉ်မှူးသည် ဥယျာဉ်ကို စိမ်းလန်းစိုပြည် အလှဖြာဝေအောင် ပြုစုနိုင်၏။ ပျိုးထောင်နိုင်၏။ ချုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းသွားအောင်လည်း ပစ်ထား၍ရ၏။ မည်သို့ပင်ပြုသည်ဖြစ်စေ ဥယျာဉ်မြေကွက်သည် ဆက်လက်တည်ရှိနေမည်သာ။ ဥယျာဉ်မှူးကောင်းသည် မိမိ၏ဥယျာဉ်မြေကို ပေါင်းသင်မြက်နုတ်ရှင်းလင်းပြုပြင် သီးပင်စားပင် သစ်ပင်ပန်းခင်း စိုက်ပျိုးပြုစုသည်သို့ လူတိုင်း လူတိုင်းက မိမိတို့စိတ်ဥယျာဉ်၌ ရှင်းသန့်ကြည်လင် သန့်စင်သောစိတ်အပင်များဖြင့် ဝေဆာနေအောင် ပြုမူသင့်၏။ ဖန်တီးဖော်ဆောင်သင့်၏။ အကျိုးမဲ့သောအတွေးပေါင်းမြက်တို့ ခိုကပ်မနေနိုင်အောင် မပြတ်ရှင်းလင်း တွေးကြံကြရမည်သာဖြစ်၏။

လူတစ်ယောက်၏ နေထိုင်မှုဘဝကို ထိုသူ၏အကျင့်စရိုက်က ဖန်တီး၏။ ထိုအကျင့်စရိုက်သည်ပင် ထိုသူ တွေးသည့်အတွေး၊ ကြံစည်သည့်အကြံများ၏ ရလဒ်ဖြစ်၏။ အစေ့မရှိလျှင် အပင်မရှိ၊ အစေ့ရှိမှ အပင်တို့ပေါက်ဖွားတည်ရှိနိုင်၏။ ထို့အတူ လူတို့၏နေထိုင်ဆက်ဆံမှုဘဝ၌ အပြုအမူဟူသမျှသည်လည်း အတွေးဟူသော ပုန်းခိုနေသည့်မျိုးစေ့များမှ အပင်ပေါက်ခြင်းဖြစ်၏။ အတွေးမျိုးစေ့မရှိဘဲ အပြုအမူ လုပ်ဆောင်ချက်ဟူသော အပင်မဖြစ်ပေါ်နိုင်သောကြောင့်ပင်။

စိတ်အတွင်း၌ စိုက်ပျိုးလိုက်သော အတွေးမျိုးစေ့တိုင်းသည် ကာလတစ်ခုသို့ရောက်သောအခါ လုပ်ရပ်တစ်ခု၊ အပြုအမူတစ်ခုအဖြစ် ဖူးပွင့်လာမည်။ အဆိုပါအဖူးအပွင့်မှပင် ပတ်ဝန်းကျင်အနေအထားနှင့် ထိတွေ့ဆက်ဆံရမည့် အသီးအနှံဖြစ်ပေါ်လာမည်ဖြစ်၏။ အတွေးမျိုးစေ့ကောင်းလျှင် အသီးအနှံကောင်း သီးလာနိုင်ပြီး အတွေးမျိုးစေ့မကောင်းလျှင်မူ မကောင်းသော သီးနှံသာ သီး၍လာမည်ဖြစ်၏။

ထို့ကြောင့် လူမှုပတ်ဝန်းကျင်၌ နေထိုင်ကျင်လည်လာရသည့်အခါ အတွေးကောင်း အမြင်ကောင်းရှိရန် လို၏။ စက်ရုံအလုပ်ရုံ ကုန်ထုတ်လုပ်ငန်းခွင်၊ စီမံခန့်ခွဲ ကွပ်ကဲရသည့် နေရာဒေသဌာနတိုင်းတွင် အုပ်ချုပ်မှုယန္တရား လည်ပတ်ရသည့်အခါ နှစ်လိုဖွယ်ရာ စင်ကြယ်သော အတွေးများရှိရန်လိုအပ်မည်ဖြစ်၏။ ထို့ထက် နိုင်ငံ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ တိုးတက်ဖွံ့ဖြိုးရေး အားထုတ်လာရသောအခါ ရည်ရွယ်ချက်ကောင်း၊ အခွင့်အလမ်းကောင်းများ ပြည့်စုံနေရန် ပိုမိုလိုအပ်မည်ဖြစ်၏။

မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စု၊ အဖွဲ့အစည်းတစ်ခု၏အကျိုးကို ဦးစားမပေးဘဲ အများအကျိုး သယ်ပိုးလိုသောစိတ်ထား၊ ရည်ရွယ်ချက်များ ထားရှိလုပ်ကိုင်လျှင် စစ်မှန်သောကြီးပွားအောင်မြင်မှု ရရှိနိုင်မည်ဖြစ်၏။ ရေရှည်တည်တံ့သော ချမ်းသာကြွယ်ဝမှုမျိုး ရရှိနိုင်မည်ဖြစ်၏။ မိမိကြုံတွေ့နေရသည့် ပတ်ဝန်းကျင်အနေအထား အကောင်းအဆိုးတို့သည် မိမိတွေးတောကြံဆကျင့်သုံးသော စိတ်ဓာတ်စရိုက်များနှင့်လျော်ညီစွာ ပေါ်ပေါက်စမြဲသာဖြစ်၏။ အမှန်စင်စစ် ပြင်ပမှ တွေ့မြင်နေရသော လူတစ်ဦး၏သဏ္ဌာန်ဟန်သည်ပင် ထိုသူ၏ အတွင်းစိတ်ပုံရိပ်ဖြစ်သည်ဟု ဆိုနိုင်၏။

လူတစ်ယောက်၏ စိတ်အတွေးတို့၌ ဆိုးညစ်သော၊ အတ္တကြီးမားသော၊ အနှစ်သာရကင်းမဲ့သော အတွေးအကြံများ ရှိငြားအံ့၊ ထိုသူထံပါးသို့ ကိုယ်စိတ်ဆင်းရဲမှုတို့သည် နွားနောက်က ကပ်လာသည့် လှည်းဘီးပမာ မခွာတမ်းလိုက်ပါတတ်၏။ အကယ်၍ လူတစ်ယောက်သည် စင်ကြယ်သောအတွေးအကြံ၊ အများအကျိုး သယ်ပိုးရွက်ဆောင်လိုသည့် ရိုးဖြောင့်ဖြူစင်သောစိတ်နေစိတ်ထား တည်တည်ကြည်ကြည်ရှိငြားအံ့၊ လူအများ၏ ချစ်ခင်နှစ်လိုမှုနှင့် ချမ်းသာသုခဖြစ်ဖွယ်ရာတို့သည် ထိုသူ၏နောက်မှ အရိပ်ပမာလိုက်ပါလာမည်သာဖြစ်၏။

သို့ဖြစ်၍ လူတိုင်းလူတိုင်းက အခြေအနေကောင်း၊ အခွင့်အခါကောင်းများ ကြုံကြိုက်နေသောကာလ၌ မိမိတို့ စိတ်ဥယျာဉ် နှလုံးအိမ်တွင် အပျက်ကိုပြင် အကောင်းကိုမြင်၍ သန့်စင်သောစိတ်အပင်များ ဖူးပွင့်ဝေဝေရှင်သန်နေအောင် ပြုစုပျိုးထောင်သင့်ကြောင်း ရှုမြင်မိပါသည်။ ။

ရွှေဘိုမြို့ ကုန်စည်ဒိုင်၌ ကုန်သည်ပွဲစားများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တွေ့ဆုံမှာကြား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တန့်ဆည်မြို့ရှိ ကန်တွင်းရန်အောင်မြင်ဘုရား၌ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ရွှေဘိုမြို့ အမှတ်(၈) ရပ်ကွက် ပြည်တော်သာလမ်းရှိ ကုန်စည်ဒိုင်၌ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကုန်စည်ဒိုင်နေရာအား ယခုနေရာထက် ပိုမိုကျယ်ဝန်းသောနေရာကို ရွေးချယ်ရန်၊ ကုန်စည်ဒိုင်တွင် ဆက်သွယ်ရေးစနစ်များ လျင်မြန်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရန်နှင့် ကုန်သွယ်မှုလုပ်ငန်းကို မိရိုးဖလာဆောင်ရွက်ရာမှ နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်း လုပ်ထုံးလုပ်နည်းများအား နားလည်သဘောပေါက်အောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လာမည့်ရာသီတွင် နွေစပါး၊ နှမ်း၊ ပဲတီစိမ်းစိုက်ပျိုးမည့် အခြေအနေများနှင့် ရေရရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ရေပေးဝေမှုအတွက် စီစဉ်ထားရှိမှုအခြေအနေကို ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြသည်။ တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကုန်စည်ဒိုင်အသင်းသားများသည် ရွှေဘိုမြို့ ကုန်စည်ဒိုင်နေရာသစ် အဆိုပြုမြေနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် တန့်ဆည်မြို့ရှိ ကန်တွင်းရန်အောင်မြင်ဘုရား၌ တန့်ဆည်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဘုရားအကျိုးတော်ဆောင် ဂေါပကများနှင့်တွေ့ဆုံ၍ မြို့ပေါ်ဘုရားများ ဘက်စုံပြုပြင်မွမ်းမံရေး၊ သီရိကန်သာယာလှပရေး၊ မြို့ရွာသန့်ရှင်းသာယာရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တန့်ဆည်မြို့ရှိ ရွှေမုဋ္ဌောစေတီ၊ ပြပါဦးစေတီ၊ မြတ်လှမဥ္ဇူစေတီနှင့် စစ်သူတော်ကြီးစေတီတော်များ ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၂-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်		လင်းလက်ကြယ်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၈း၁၅	ဇာတ်လမ်းတို		**-ချစ်ခွန်းဖွဲ့သီချစ်သူဆီ**
၄း၁၅	စိုက်ပျိုးသုတ		**(အပိုင်း-၅၆)**
၄း၃၅	ဗွီစီဒီကျော်ကြားတေး	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၅း၀၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ)		-Talk Of The Town -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၈၃)**		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'အချစ်ကြီး. . . ချစ်' (အပိုင်း-၁၉)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း		
၆း၂၀	သံစဉ်လမ်းက		-Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၂၀၀	၀. ၀၃၂၉၈
တရုတ် (ယွမ်)	၆. ၂၉၈၆၉	၀. ၁၅၈၇၆
အိန္ဒိယ (ရူပီး)	၄၉. ၀၁၂၄	၀. ၀၂၀၄၀
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၄	၀. ၃၃၁၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၆၂၅	၀. ၇၉၆၀၂
ဂျပန် (ယန်း)	၈၁. ၂၀၄၉	၀. ၀၁၂၃၁
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၄၀	၀. ၀၀၀၈၉
ယူရို	၀. ၇၄၃၅၈	၁. ၃၄၄၈၅
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၀၄	၁. ၅၈၇၂၀

အင်တာနက်။

ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူး၊ ဗန်းမောက်နှင့် အင်းတော်မြို့နယ်များသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်၏ ဆောင်ရွက်ချက်များ၊ ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဝင်ငွေတိုးရေးအတွက် မွေးမြူရေးကဏ္ဍမှ ကူညီပံ့ပိုးပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး တင်ပြချက်များအား ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ဒေသဖွံ့ဖြိုးရေးအတွက် ပင်လည်ဘူးမြို့နယ်၌ ငွေကျပ် ၂၀ သိန်း၊ မံစီလေးရွာ၌ ငွေကျပ် တစ်သိန်းနှင့် ဗန်းမောက်မြို့နယ်၌ ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ အင်းတော်မြို့နယ် သက်ခါးကျေးရွာတွင် ကျွဲနွားလည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ကုသရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ တိရစ္ဆာန်ဆေးကုဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရာသီအကူးအပြောင်းရောဂါဖြစ်ပွားတတ်သည့် ကာလများတွင် ကြိုတင်ဆောင်ရွက်ရမည့် အချက်များနှင့် ဖြစ်ပွားလာပါက ရောဂါဖြစ်ပွားဇုန်၊ ကြားခံဇုန်၊ ကာကွယ်ရေးဇုန်များ သတ်မှတ်၍ အလျင်အမြန် ကာကွယ်ကုသကြရန် မှာကြားညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်လည်ဘူး၊ ဗန်းမောက်နှင့် အင်းတော်မြို့နယ်တို့မှ တိရစ္ဆာန်ဆေးကုဝန်ထမ်းများနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယခုအခါ ခြောက်သွေ့ပူပြင်းသော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ၌ နွေရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲများ၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲများနှင့် မီးသုံးစွဲရာတွင် လိုက်နာရမည့် စည်းကမ်းများကို ပြည်သူများသိရှိစေရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမကြုံတွေ့စေရန် ရပ်ကွက်အတွင်းရှိ လမ်းများ၌ မီးဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် Logo များ ချိတ်ဆွဲထားခြင်း၊ မီးချိတ် မီးကတ်များ အသင့်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် တာဝန်ရှိသူများက တစ်ပတ်လျှင်လေးကြိမ် အသံချဲ့စက်ဖြင့် နှိုးဆော်အသိပေးခြင်းတို့အပြင် မီးကင်းတဲများ၌ နေ့/ည တာဝန်ခွဲဝေချထားပြီး စဉ်ဆက်မပြတ် သတင်းပို့စနစ်ကျင့်သုံးခြင်းစသည့် မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်သည်။

(ဝင်းဝင်းမော်)

လေပတ်ကားဖြင့် ရွှေရောင်းဝယ်ခြင်းပပျောက်ရေး စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ ၃/၂၀၁၂ အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။**(ဓါတ်ပုံ)** ထို့နောက် အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရန် ရွှေအရောင်းအဝယ် လုပ်ငန်းများတွင် လေပတ်ကားဖြင့် ရောင်းဝယ်ခြင်း ပပျောက်စေရန် ဖြစ်နိုင်သည့်နည်းလမ်းများကို ဆွေးနွေးတင်ပြသည်။ ယင်းနောက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အသင်းများ၏ လေပတ်ကားရောင်းဝယ်ရေး တားဆီးဆောင်ရွက်ချက်များကို တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းအလုပ်အမှုဆောင်များက ရွှေဈေးနှုန်းတည်ငြိမ်မှုကို ပျက်ပြားစေမည့် လေပတ်ကားပုံစံဖြင့် အရောင်းအဝယ် မပြုလုပ်ရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများက မိမိတို့အသင်းဝင်များကို ပြန်လည်ရှင်းလင်း အသိပေးတားမြစ်ရန် ဆုံးဖြတ်ကြောင်း သိရသည်။

(ကြေးမုံ)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနစင်တာ ထူထောင်ရေး၊ ဆည်မြောင်းနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနနှင့် ပါလီမန်ရေးရာဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Pawan Kumar Bansal (Ministry of Water Resources and Parlimentary Affairs of India) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr. V . S . Seshadri နှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သုတေသနစင်တာ ထူထောင်ဆောင်ရွက်ရေး၊ ဆည်မြောင်းနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနနှင့် ပါလီမန်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် ဦးဆောင်သောအဖွဲ့တို့သည် အစည်းအဝေးခန်းမ ဆောင်၌ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့် စပ်လျဉ်းသည်များကို ပါဝါပွိုင့်ဖြင့် ပြသရှင်းလင်းပြီး အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ Mr. Dhruv Vijai Singh, (Secretary of Water Resources)၊ Mr. R. K. Gupta, (CMD, WACOPS)၊ Mr. Rahul Bhandri (PS to Hon'ble Minister) နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဧည့်သည်တော် အိန္ဒိယနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနနှင့် အဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့သည် မွန်းလွဲ ၁ နာရီတွင် ပုဗ္ဗသီရိမြို့နယ်ရှိ ငလိုက်ဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်း၌ စပ်မျိုးစပါးမျိုးစေ့များကို စက်ဖြင့် သန့်စင်နေမှု၊ ဆေးလူးဆေးနယ်နေမှု၊ ထုပ်ပိုးစက်ဖြင့် ထုပ်ပိုးနေမှုတို့ကို လည်းကောင်း**(ယာပုံ)**၊ သို့လှောင်ရုံအတွင်း၌ တောင်သူများထံ ဖြန့်ဖြူးပေးရန် စနစ်တကျ အသင့်ထုပ်ပိုးထားရှိသော စပ်မျိုးစပါး မျိုးစေ့အိတ်များအား လည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းနှင့်တောင်သူပညာပေး ပြပွဲခင်းပဒေသာ စိုက်ခင်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ စီမံကိန်းရှိ တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး မျိုးယှဉ်ပြိုင်စိုက်ကွင်း၌ ဆည်ရေသောက်စနစ်နှင့် စပါးသီးနှံများဖြစ်ထွန်းနေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ အဆင့်မြင့် လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်း၌ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် တောင်သူများ အချင်းချင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ လက်ဆင့်ကမ်း ပညာပေးဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

(၁၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသည်။ (အောက်ပုံ)

အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် အာဆီယံ ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ဦးဆောင်ပြီး အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသော ကမ္ဘောဒီးယားနိုင်ငံ အကြီးတန်းဝန်ကြီးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Cham Prasidh က သဘာပတိအဖြစ် တာဝန်ယူပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် စိန်ခေါ်မှုများ၊ အားနည်းချက်များ၊ အထူးသဖြင့် ၂၀၁၂ ခုနှစ်တွင် အချိန်မီပြီးစီးရမည့် ကိစ္စများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့ပြင် ညီညွတ်မျှတသည့် စီးပွားရေးဖွံ့ဖြိုးမှုဒေသ ဖြစ်ပေါ်လာရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ ကုန်စည်ကုန်သွယ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ ပြီးစီးရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရန်ကိစ္စများ၊ အထူးသဖြင့် ဒေသဆိုင်ရာဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံမူဘောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ကြိုတင်ပြင်ဆင်ရေး

အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးမတိုင်မီ ၂၄-၂-၂၀၁၂ ရက်နှင့် ၂၅-၂-၂၀၁၂ ရက်တို့တွင် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ ကြိုတင်ပြင်ဆင်ရေး အစည်းအဝေး ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရှင် ဂုဏ်ပြုပွဲ အထက(သုဝဏ္ဏ)၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး (သိပ္ပံဘာသာတွဲ) ဒုတိယဆုရှင်နှင့် ဘာသာစုံဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက အထက(သုဝဏ္ဏ)၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်**(အောက်ပုံ)**နှင့် မိဘဆရာအသင်းနာယက ဦးခင်ဝေတို့က ဂုဏ်ပြုစကားပြောကြားကြပြီး ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်သည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(သုဝဏ္ဏ)မှ မြန်မာတစ်နိုင်ငံလုံး ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ ဘာသာစုံဂုဏ်ထူးရှင် မယမင်းအေးအပါအဝင် ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦးအား ဂုဏ်ပြုဆု ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ (ပညာရေး)

တယ်ရီဆာဆနာအသင်းအား ရတနာပုံအသင်းက ဂုဏ်ပြုညစာဖြင့်တည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံသို့လာရောက်၍ ခြေစမ်းပွဲများကစားနေသော ထိုင်းပရီမီယာလိဂ် ဘီအီးစီတယ်ရီဆာဆနာ အသင်းအား ရတနာပုံဘောလုံးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ည ၇ နာရီက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အသင်းသားများ၊ တယ်ရီဆာဆနာအသင်းပိုင်ရှင် Mr. Brian Marcar နှင့် အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဘီအီးစီတယ်ရီဆာဆနာအသင်းပိုင်ရှင် Mr. Brian Marcar တို့က အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းပိုင်ရှင်များဖြစ်ကြသည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် Mr. Brian Marcar တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

သတင်း-ရှိုင်းထက်ဇော်

ကိုယ့်အားကိုယ်ကိုး လူနာစောင့်တည်းခိုဆောင် လွှဲပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး လူနာစောင့်တည်းခိုဆောင် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၄၀×၁၉×၁၀) ပေ အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့် အဆောက်အအုံ ဖွင့်လှစ်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံ၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးကျော်နိုင်နှင့် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်တို့က အမှာစကားပြောကြား၍အဆောက်အအုံမှတ်တမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သီစံထံ လွှဲပြောင်းပေးအပ်ပြီး လူနာစောင့်တည်းခိုဆောင် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(မြို့နယ်ကျန်းမာရေး)

ပြည်မြို့၌ အခွန်ပညာပေးဆွေးနွေး

ပြည် ဖေဖော်ဝါရီ ၂၆

ပြည်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အခွန်အရပ်ရပ် ကောက်ခံမှုနှင့်သက်ဆိုင်သော ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ခရိုင်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အခွန်ထမ်းပြည်သူ ၁၂၀ တက်ရောက်ခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လတ်က ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံမှုစနစ်နှင့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားကာ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ (ကြေးမုံ)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးပါဝင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Zhou Hong၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် နိုင်ငံရေးဌာနမှ ဌာနမှူး Mr. Yang Run Xin၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌တွေ့ဆုံပြီး မြန်မာလွှတ်တော်နှင့် ယူနန်ပြည်သူ့ကွန်ဂရက်တို့၏ ဖွဲ့စည်းမှု၊ တာဝန်၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၅ မိနစ်တွင် ပေကျင်းအပြည်ပြည်ဆိုင်ရာ Capital လေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်တို့သည် လေဆိပ် အထူးဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ အပြန်အလှန်နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ Grand Hotel Beijing သို့ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Cao Wei Zhou တို့ ပေကျင်းလေဆိပ် အထူးဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဆေးဝါးကုသပေးနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဒုတိယမြောက်နေ့အဖြစ် ဆောင်ရွက်ပေးသည့် အခမဲ့ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားများသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ရွှေဦးစွာ မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အထူးကုဆရာဝန်ကြီး ဗိုလ်မှူးကြီးဒေါ်သန်းသန်းရီ ဦးစီးသည့် တပ်မတော် အထူးကု ဆရာဝန်ကြီးများက မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များ၊ နေပြည်တော် တည်ဆောက်ရေးကုမ္ပဏီများမှဝန်ထမ်းများနှင့် မိသားစုဝင်များအား ဒုတိယမြောက်နေ့အဖြစ် ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှု ခံယူနေသူများအား နှုတ်ဆက်အားပေးသည်။

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် မင်္ဂလာသိဒ္ဓိရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်း လွန်ကျောင်း၌ တပ်မတော် အထူးကုဆရာဝန်ကြီးများက ဒုတိယမြောက်နေ့အဖြစ် ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြိုကျောင်း၌ ကျင်းပသော နေပြည်တော် အထွေထွေရောဂါကု ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူ ဦးစီးသည့် အထူးကုဆရာဝန်ကြီးများက ဗလသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်တို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူများအား နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပညာသိဒ္ဓိရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)၌ အထူးကုဆရာဝန်ကြီးများက ပညာသိဒ္ဓိ ရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် ရွှေနံ့သာရပ်ကွက်တို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ယခုကဲ့သို့ အခမဲ့ဆေးဝါးကုသမှုများ၊ ကျန်းမာရေး အသိပညာပေး ဟောပြောမှုများကို ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြုလုပ်ပေးခဲ့ရာ ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာရပ်ကွက်နေ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း ၈၇၀၀ ကျော်အား ဆေးဝါးကုသမှု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀ ၉။ "စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅ ၁။ ထိုင်းနိုင်ငံ BEC-Tero Sasana ဘောလုံးအသင်းနှင့် Myanmar National League ကလပ်အသင်းများ ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (BEC-Tero Sasana အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း) (အောင်ဆန်းအားကစားကွင်း၊ ရန်ကုန်မြို့)
၅း၂၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၃၀ ၃။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သမိုင်းဘာသာရပ်)
၅း၅၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၆း၅၅ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၇)**
၇း၅၀ ၉။ "ဇွဲကပင်နှင့် ပန်းရသံလွင်တံတား (ဘားအံ)အလှ"
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၂၈)**
၁၅။ အိန္ဒိယရုပ်ရှင် "ဆွေမျိုးတော်ရင် ဘယ်လိုခေါ်လဲ" (အပိုင်း-၂)
၁၆။ အစီအစဉ်ပြီး၏။

မြဝတီအခမဲ့ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်

မန္တလေး ဖေဖော်ဝါရီ ၂၆

မြဝတီရုပ်မြင်သံကြားမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် စလောင်းမလို၊ လစဉ်ကြေးပေးရန်မလိုသည့် အခမဲ့ရုပ်သံလိုင်းများဖြစ်သည့် MWD VARIETY, MWD MOVIES, MWD SERIES, MWD, MWD MUSIC, MWD DOCUMENTARY, MWD SHOPPING တို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ နံနက် ၇ နာရီမှ ၈ နာရီခွဲ၊ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ MPEG-4 စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ မန္တလေးမြို့နှင့် အနီးဝန်းကျင် ကြည်လင်စွာကြည့်ရှုနိုင်ရန် စစ်ကိုင်းတောင်၌ ဒစ်ဂျစ်တယ် လွှင့်စက်များ အသစ်တပ်ဆင်ထားပြီး UHF အင်တာနာ၊MPEG-4 ရုပ်သံဖမ်းစက်၊ Conditional Access Card ဖြင့် ဖမ်းယူကြည့်ရှု နိုင်ရာ တစ်စုံလျှင် ငွေကျပ် ၂၉၅၀၀ ဖြင့် မန္တလေး မြို့ရှိ အီလက်ထရွန်နစ်ဆိုင်ကြီးများ၌ ရောင်းချလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**(၆၅၃)

ရေစကြိုမြို့နယ်၌ ဆောင်းမြေပဲအထွက်တိုး

ရေစကြို ဖေဖော်ဝါရီ ၂၆

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကန်ဒေါင့်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၉၈) တောင်သူ ဦးကျော်မြင့်သိန်း၏ ဆောင်းမြေပဲ စိုက်ခင်းကို ဖေဖော်ဝါရီ ၁၁ ရက်က မြေပဲတူးဖော်ကြသည်။

အဆိုပါ စိုက်ခင်းတွင် မကွေး(၁၁) သက်နုမြေပဲမျိုးကို စိုက်ပျိုးရာ တင်း ၁၀၀ ခန့် ထွက်ရှိ၍ ယခင်နှစ်များထက် မြေပဲအထွက်တိုးသည်ဟု သိရသည်။

ကန်ဒေါင့်ကျေးရွာသည် နုန်းတင်မြေနုဒေသဖြစ်ရာ ပင်ထောင်သုံးလမြေပဲ၊ မကွေး(၁၁) သက်နုမျိုးကိုသာ စိုက်ပျိုးကြ၍ ယခင်နှစ်များက တင်း ၆၀ ခန့်သာ ထွက်ရှိသော်လည်း ယခုနှစ်တွင် မြေပဲစိုက်တောင်သူများ တင်း ၁၀၀ ခန့် ထွက်ရှိ၍ ဆောင်းမြေပဲ အထွက်တိုးသည်ဟု တောင်သူ ဦးကျော်မြင့်သိန်းက ပြောကြားသည်။

(အိမွန်ဆွေ)

ပထမအကြိမ် ABC National Women Pool & Ball Championship ပြိုင်ပွဲ ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် AMBUR ELECTRONIC ကုမ္ပဏီတို့ပူးပေါင်းကျင်းပပြီး Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသော ပထမအကြိမ် ABC National Women Pool & Ball Championship ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ AMBUR ELECTRONIC ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင်ဆောင်က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာနယ်ဇင်းဆိုင်ရာများ၏ မေးမြန်းမှုများကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ABC National Women Pool & Ball Championship ပြိုင်ပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီမှစတင်၍ ကုက္ကိုင်းရေကူးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးများသည် မတ် ၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်းပေးသွင်းရမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲ၏ အဆင့်(၅)မှ (၁၀)အထိ တစ်ဦးလျှင် ဆုငွေကျပ်ငါးသောင်းစီနှင့် အဆင့်(၁၁)မှ (၂၅) အထိတစ်ဦးလျှင် ဆုငွေကျပ် သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ Temple of Heaven Park အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပေကျင်းမြို့ရှိ Temple of Heaven Park ၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ရှိ Temple of Heaven Park သို့သွားရောက်ကြပြီး တရုတ်ဘုရားကျောင်း၊ သမိုင်းဝင်အဆောက်အအုံများနှင့် သက်တမ်းရင့်ထင်းရှူးပင်များ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ Temple ဘုရားကျောင်းရှေ့၌ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ သင်တန်းများ တက်ရောက်နေကြသည့် သင်တန်းသားသင်တန်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှာကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသည် မိုင်ပေါင်းများစွာ ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း၊ ထို့ပြင် မိတ်ဆွေကောင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒကို အခြေခံထား၍ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှုများ ရှိနေပြီဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကျင်းပနေသည့် အချိန်အခါဖြစ်သော်လည်း နှစ်နိုင်ငံဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုနှင့်အတူ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အခြေခံကောင်းများ အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ သံရုံးဝန်ထမ်းများအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သံရုံးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပညာသင်ယူနေမှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကာ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့သင်ယူနေကြသည့် ပညာရပ်များကို နိုင်ငံနှင့် လူမျိုးအတွက် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်အောင် ကြိုးစားသင်ယူသွားကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး ဂုဏ်ပြုငွေများကို ပေးအပ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၂-၂၀၁၂ (တနင်္လာနေ့)

- ၅း၄၀ "ဆီပြည့်အိုးအားကိုင်သွားရမယ်" တရားတော် [ဆရာတော် အရှင်ဦးသောဘဏ(စစ်ကိုင်း)]
- ၉း၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးများရဲ့အကြားအာရုံ)
- ၁၀း၃၅ Celebrity Choice (ရှင်းရှင်း)
- ၁၁း၁၀ ပင်လယ်ပျော်တို့အတွက် ရေကြောင်း အထောက်အကူပစ္စည်းများ
- ၁၂း၁၀ ဘဝထဲက ကဗျာ ကဗျာထဲကဘဝ (ပြည်ထောင်စုနေ့အတွေး)
- ၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် [Akhaya Women (အခရာအမျိုးသမီးအဖွဲ့)]
- ၁၂း၃၅ သဘာဝကျကျ ရိုးရှင်းထိရောက်သော. . .
- ၁း၅၀ အဓိဋ္ဌာန်အောင်မြင်သည့် သစ်ပုံဗုဒ္ဓရုပ်ပွားတော်
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (CAN MAKE Tokyo)
- ၂း၅၀ ILBC ၏ဝိဇ္ဇာနှင့်သိပ္ပံပြပွဲ
- ၄း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၁၅ Sunday Talk [ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၅)**
- ၇း၃၀ ရန်ကုန်မြင်ကွင်းကျယ် [လင်းရောင်နီ(ရင်သွေးရိပ်မြုံ) ၁၃ နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားပဒေသာကပွဲ]
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ The Shop Around The Corner (Part-31)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၈၂)**
- ၁၀း၂၀ FMF Selection
- ၁၀း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားကေရီ" (အပိုင်း-၂၉)**
- ၁၂း၃၀ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂)
- ၁း၅၅ Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
- ၄း၀၀ လမ်းညွှန်ပေးစက် GPS
- ၄း၄၅ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး

ဆဋ္ဌအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက ရွှေတိဂုံစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ [ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်]အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများသည် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြမည်ဖြစ်သည်။

ကြံ့တောင့်ကြံ့ခံ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ထူးခြားတိုက်ဆိုင်စွာ စုစည်းမိသော နိုင်ငံတော်တစ်ဝန်းလုံးမှ ဦးဆောင်သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ရာ၌ ပြည်သူများ လာရောက်ကြည်ညိုနိုင်ကြကြောင်းနှင့် သံဃာတော်အပါး ၃၈၀ အား လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင် ၁၈ ဦး ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ရေစကြိုမြို့နယ်တစ်ခွင် GSM ဖုန်းများ ပြောနိုင်ရန် ပြင်ဆင်

ရေစကြို ဖေဖော်ဝါရီ ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆောင်ရွက်မှုဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မကြာမီ GSM ဖုန်းများ အဆင်ပြေချောမွေ့ကောင်းမွန်စွာ ပြောဆိုဆက်သွယ်နိုင်ကြတော့မည်ဟု သိရှိရသည်။

တာဝါတိုင်တည်ဆောက်

ယခုအခါ ရှင်မတောင်ပေါ်တွင် အမြင့်မီတာ ၇၀၀ ရှိ တာဝါတိုင်တည်ဆောက်၍ ဇန်နဝါရီ ၈ ရက်မှစတင်ကာ စက်ဖွင့်ပေးထားသဖြင့် မြို့နယ်အတွင်းနေရာအချို့နှင့် မြိုင်မြို့နယ်တစ်ဝိုက် တွင် GSM ဖုန်းများ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။

ဆက်လက်၍ ရေစကြိုဆက်သွယ်ရေးစခန်း၊ ရုံးပေါင်းရုံ၊ ပခန်းကြီး၊ ကျောက်လှေခါး၊ ဖူလုံ-တမာတန်း၊ ကြက်ဆူကျင်း၊ မအူအောက်ဆိပ် စသည့် နေရာခုနစ်နေရာတို့တွင် အမြင့် ၄၅၀ မီတာရှိ တာဝါတိုင်များတည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ရေစကြိုဆက်သွယ်ရေးစခန်းတွင် ရတနာပုံ တယ်လီပို့(စ်)မှ တာဝါတိုင်တည်ဆောက်နေသည်ကို တွေ့မြင်ရသည်။**(ယာပုံ)**

အဆိုပါ တာဝါတိုင်များအားလုံး တည်ဆောက်ပြီးစီးသွားပါက ရေစကြိုမြို့နယ်အတွင်း မည်သည့်နေရာမဆို GSM ဖုန်းများကို အသံကြည်လင်ပြတ်သားစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်မည်ဟု မိုဘိုင်းဆက်သွယ်ရေးတာဝန်ခံ ဦးတိုးလွင်(စက်မှုကျွမ်းကျင်-၄)က ရှင်းလင်းပြောကြားသည်။

(၃၇၄)

သီပေါမြို့နယ်၌ တစ်ရွာတစ်ကေစိုက်ခင်းများအောင်မြင်

သီပေါ ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကုန်းသာဒေသနှင့် စံလောင်းဒေသတစ်ကြောတို့တွင် ဖေဖော်ဝါရီ ၁၄ ရက်က သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ဒေသကာကွယ်တောများအတွင်း ကျူးကျော်တောင်ယာများနှင့် ရွှေ့ပြောင်းတောင်ယာများ လျော့နည်းပပျောက်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက သီးနှံသစ်တော ရောနှောစိုက်ခင်းများအား အပင်လုံးပတ်တိုင်းတာခြင်း၊ တစ်ရွာတစ်ဧကယူကလစ်စိုက်ခင်းများ အပင်အမြင့်တိုင်းတာခြင်းစသည့် လုပ်ငန်းများအပြင် ပေါင်းရှင်း၊ ခါးဆွ၊ မြေတောင်မြှောက်၊ သေပင်ဖာထေးခြင်း လုပ်ငန်းများကိုလည်း ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဆိုပါအပင်များအား နွေကာလတွင် ပျက်စီးဆုံးရှုံးခြင်းမရှိစေရေးအတွက် ချောင်းပိတ်မြောင်းပိတ် ရေရယူကာ ရေလောင်းခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (၂၄၇)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး ယခုထက် ပိုမိုကြိုးပမ်းမြှင့်တင် အရည်အသွေးမြင့်စက္ကူများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစဉ်းစားစီမံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဖိုးရာဇာလမ်းရှိ ထိပ်တန်းစက္ကူပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းစက်ရုံ ရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်စိန်က အသင်း၏ဖွဲ့စည်းပေါ်ပေါက်လာမှုနှင့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အသင်းအမှုဆောင် ဦးအောင်ကျော်ဝင်းက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ထိပ်တန်းစက္ကူပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းပိုင်ရှင် ဒေါက်တာတင်စိန်က စာအုပ်ချုပ်လုပ်ငန်းကို စတင်တည်ထောင်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းများ တဖြည်းဖြည်း တိုးတက်ဆောင်ရွက်အောင်မြင်လာမှု၊ ယခုအခါ အထက်မြန်မာပြည် တစ်ဝန်းလုံးသို့ ဗလာစာအုပ်များ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးနေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ တိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခွင့်ရရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ပုံနှိပ်အော့ဖ်ဆက်နှင့် မိတ္တူစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ရ၍ ဝမ်းသာပါကြောင်း၊ လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပုံနှိပ်လုပ်ငန်းသည် ပြည်သူများ၏ အသိပညာဗဟုသုတနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ ကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်(၄)ရပ်နှင့် ဆက်စပ်လျက်ရှိပါကြောင်း။

အသိပညာဗဟုသုတနယ်ပယ်တွင် အပတ်စဉ်ထုတ်၊ လစဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များစွာ ပုံနှိပ်ထုတ်ဝေလျက်ရှိပါကြောင်း၊ လူမှုရေးနယ်ပယ်တွင် မန္တလေးတိုင်းဒေသကြီးသည် အထက်မြန်မာပြည်၏ ဗဟိုချက်ချာနေရာဌာနတစ်ခုဖြစ်၍ သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာဖိတ်စာ၊ အကြောင်းကြားစာနှင့် စာတမ်းများစွာ ရိုက်နှိပ်ဖြန့်ဖြူးနေရပါကြောင်း။

ကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်တွင် တံဆိပ်လုပ်ငန်း၊ အိတ်ခွံဘူးခွံများ ရိုက်နှိပ်ခြင်းလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းများ ပုံနှိပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပလတ်စတစ်အိတ်အစားထိုးသုံးစွဲရန် စက္ကူအိတ်လုပ်ငန်းများလည်း ပိုမိုတွင်တွင်ကျယ်ကျယ်ဆောင်ရွက်လာရသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် မန္တလေးမြို့တွင် ဂျာနယ်မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အခြားသောပုံနှိပ်ဈေးကွက်များကို ယှဉ်ပြိုင်နိုင်ရန် တိုးတက် ခေတ်မီသော ပုံနှိပ်စက်များအသုံးပြုနိုင်ရေး၊ ကိုင်တွယ်အသုံးပြုသောဝန်ထမ်းများ၏ ကျွမ်းကျင်မှု ပိုမိုတိုးတက်ရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေးတို့ကို ယခုထက် ပိုမိုကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် မိမိတို့နိုင်ငံအနေဖြင့် စက္ကူများကို ပြည်ပမှ မှာယူတင်သွင်းနေရဆဲဖြစ်ရာ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့်စက္ကူများကို မိမိတို့ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရေးကို ရေရှည်မျှော်မှန်းချက်ဖြင့် စဉ်းစားစီမံဆောင်ရွက်ကြရန် အကြံပြုမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် လုပ်ငန်းရှင်များ ကဏ္ဍအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဦးက ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀၀၊ ထိပ်တန်းစက္ကူပုံနှိပ်လုပ်ငန်းနှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းပိုင်ရှင် ဒေါက်တာတင်စိန်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ နှင့် အသင်းတွဲဖက်အတွင်းရေးမှူး (၂) ဦးသိန်းမြင့်က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀ စုစုပေါင်း ဒါဇင် ၁၀၀၀ ကို ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ပညာရေးအစီအစဉ်များတွင် အသုံးပြုရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိပ်တန်းစက္ကူပုံနှိပ်နှင့် ဗလာစာအုပ်ချုပ်လုပ်ငန်းစက်ရုံအတွင်း One Unit အော့ဖ်ဆက်လေးလုံး၊ Four Unit အော့ဖ်ဆက်တစ်လုံးတို့ဖြင့် ဗလာစာအုပ်များ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုကာ ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရေး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ယုဝတီစက္ကူနှင့် ပုံနှိပ်အော့ဖ်ဆက်လုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်ရေး၊ စတားအင်ပါယာဒစ်ဂျစ်တယ်ဖလင်ကာလာခွဲနှင့် ဗွီနိုင်းလုပ်ငန်း၊ ရွှေရည်ဝင်းဖိတ်စာ၊ ယပ်တောင်၊ စက္ကူဂျပ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် တက်နေလင်းအော့ဖ်ဆက်နှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ၊ အသင်းအမှုဆောင်အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညောင်ရွှေမြို့နယ်၌ ပထမအကြိမ် ပြေးခုန်ပစ် မျိုးဆက်သစ် ရှာဖွေရွေးချယ်ရေးပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပထမအကြိမ် ပြေးခုန်ပစ်မျိုးဆက်သစ်အားကစားသမားရွေးချယ်ရေးပြိုင်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အားကစားကွင်း၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ပြေးခုန်ပစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ညောင်ရွှေမြို့နယ်၌ ပထမအကြိမ် ပြေးခုန်ပစ်မျိုးဆက်သစ်အားကစားသမား ရွေးချယ်ရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသား/အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား (၃)ဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား အမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး သံပြားပစ်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲများကို ကျင်းပရာ ရှမ်းပြည်နယ်အတွင်းမှ မျိုးဆက်သစ်အားကစားသမား လူငယ်မောင်/မယ် ၃၁၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးခန်း၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံ အားကစားအရာရှိများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိလမ်းများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား မြို့ချောင်းအထိ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပဲခူးရိုးမ ဖြတ်ကျော်ဖောက်လုပ်ထားသည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း စီမံကိန်း မြို့ချောင်းစခန်းရှင်းလင်းဆောင်၌ လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော တာဝန်ခံအင်ဂျင်နီယာများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အထူးစီမံကိန်းကြီးအဖွဲ့(၁) အင်ဂျင်နီယာမှူးကြီး၏ လမ်းလုပ်ငန်းဆောင်ရွက်ထားမှု၊ ကျောက်၊ ကတ္တရာ၊ စက်သုံးဆီ ရရှိ/သုံးစွဲမှုနှင့် စက်ယန္တရားအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် အင်ဂျင်နီယာချုပ်(လမ်း)က ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပွင့်လင်းရာသီတွင် လုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ရန်၊ လမ်းကွေ့များနှင့် အတက်အဆင်းနေရာများတွင် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျထားရှိရန်၊ အတက်အဆင်း မတ်စောက်သောနေရာများတွင် မြေသားနိမ့်ချဆောင်ရွက်ရန်၊ လုပ်ငန်းသုံးပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမရှိစေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း လမ်းတစ်လျှောက် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်း၊ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေထိန်းနံရံဆောင်ရွက်မည့် နေရာများ၊ မိုင်တိုင်အမှတ်(၅၈/၀)တွင် စိုးမိုးရတနာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဇာမရီတံတားနှင့် သပြုတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ ကုမ္ပဏီမှ တံတား တာဝန်ခံအင်ဂျင်နီယာ၏ တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းနှင့် ဆောင်ရွက်ရန်၊ ဘိလပ်မြေ၊ သံချောင်း စုဆောင်းရရှိမှုနှင့် သယ်ယူပို့ဆောင်မှု စသည့်လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အင်ဂျင်နီယာချုပ်(လမ်း)၏ မိုင်တိုင်အမှတ်(၆၆)နှင့် (၆၇)အကြား ခါချဉ်တောင်ထိပ်နှင့် ဥတစ်လုံးတောင်ထိပ်တို့တွင် အထူးစီမံကိန်းကြီးအဖွဲ့(၁)က စက်ယန္တရားများဖြင့် လမ်းအတက်/အဆင်း ပြေပြစ်စေရန် ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လမ်းပုံစံနှင့်အညီ ဆောင်ရွက်ရန်နှင့် စက်ယန္တရားများအား စနစ်တကျ ကိုင်တွယ်သုံးစွဲရန် မှာကြားသည်။ ဆက်လက်၍ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး စိန်ကန့်လန့် ရှင်းလင်းဆောင်၌ မင်းလှဘက်ပိုင်း ဆောင်ရွက်လျက်ရှိသော လမ်းတာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်-ပြည်လမ်း(မင်းလှ-သာယာဝတီ-တိုက်ကြီး-မှော်ဘီ-ထောက်ကြန့်လမ်းပိုင်း)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၁ ရက်က အမက(၂၂) တာမွေတွင် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပရာ ကျောင်းအဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသူ ဒုတိယတန်းမှ မမေဖူးသော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ဖြုန်းအုတ်များ အရောင်းတွင်ကျယ်

ရေတာရှည် ဖေဖော်ဝါရီ ၂၆

နယ်မြို့များနှင့် ကျေးလက်ဒေသအသီးသီးတွင် ယခင်ကတည်ဆောက်ရေးလုပ်ငန်းများ၌ မြေအုတ်သုံးစွဲမှုများပြားခဲ့ပြီး ယခုနောက်ပိုင်း ရိုးရိုးမြေအုတ်ထက် ဘိလပ်မြေစပ်အုတ်(ဖြုန်းအုတ်)များကို အစားထိုးသုံးစွဲလာကြသည်ကို တွေ့ရှိရသည်။

ဘိလပ်မြေ၊ သဲ၊ ကျောက်မှုန့် ၁ အချိုး ၃ ရောစပ်သည့် ကျောက်ပန်းကွက်၊ ဘလောက်တုံး၊ အုတ်အစရှိသည့် အိမ်ဆောက်ပစ္စည်းများကို ရေတာရှည်မြို့နယ် သာဂရမြို့ ကန်ကြီးရပ်ကွက်၌ တွင်ကျယ်စွာ ထုတ်လုပ်လျက်ရှိပြီး နေ့စဉ် အများအပြား ရောင်းချလျက်ရှိသည်ဟု သိရသည်။ ကျောက်ပန်းကွက် ဘလောက်တုံးများသည် ကိုးလက်မ၊ ပတ်လည်ထု ၂ ဒသမ ၇၅ လက်မပုံစံ ၁၀ မျိုးရှိပြီး ဈေးနှုန်းမှာ ဝယ်ယူသည့်အရေအတွက်ပေါ်မူတည်၍ ငွေကျပ် ၄၀၀/၅၀၀ ဖြင့် ရောင်းချရသည်။ ဘိလပ်မြေ အုတ်တစ်ချပ်လျှင် ငွေကျပ် ၅၀ ဖြင့် နေ့စဉ်ရောင်းချလျက်ရှိပြီး ဘိလပ်မြေဖြင့် ထုတ်လုပ်သော အိမ်ဆောက်ပစ္စည်းများသည် လောင်စာ၊ ထင်းကုန်ကျမှုမရှိခြင်း၊ ရိုးရိုးအုတ်ထက် ပိုမိုခိုင်ခံ့မှုများကြောင့် ဈေးကွက်၌ တွင်တွင်ကျယ်ကျယ် ရောင်းချရလျက်ရှိကြောင်း သိရသည်။ (၅၇၈)

မြဝတီ ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၂၆

(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့နယ် အမှတ်(၃) ရပ်ကွက် ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကာ၊ စည်ပင်အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ လမ်းသူလမ်းသားများ တက်ရောက်ကြပြီး အဆိုပါ လမ်းပေ အရှည်မှာ ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ ၇ လက်မရှိကြောင်း သိရှိရသည်။ (၅၇၀)

မြန်မာနိုင်ငံတစ်ဝန်းမှ ခရီးသည်နှင့် ကုန်စည်များကို နိုင်ငံတောင်ဖျားသို့ လွယ်ကူချောမွေ့စွာ ပို့ဆောင်ဆက်သွယ်ပေးနိုင်သည့် စစ်တောင်းမြစ်ကူးတံတား(မုပ္ပလင်)

တံတားအချက်အလက်များ

၁။ စစ်တောင်းမြစ်ကူးတံတား(မုပ္ပလင်)၏ ပင်မတံတားအရှည် ၁၃၆၅ ပေရှိသည်။ ချဉ်းကပ်တံတားများအနေဖြင့် ကျိုက်ထိုဘက်ကမ်းတွင် ၂၄၄ ဒသမ ၁ ပေ၊ ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ ပေရှိသည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေရှိသည်။

၂။ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်သည်။

၃။ မော်တော်ယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ၆ ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ၂၉၅ ပေနှင့် အမြင့်ပေ ၂၀ ရှိသည်။

၅။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ခံနိုင်ဝန်ရှိသည်။

၆။ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းကို ၂၆-၁-၂၀၀၅ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၂-၇-၂၀၀၈ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

* မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည်။

* အသုံးပြုလျက်ရှိသည့် စစ်တောင်းတံတား(သိမ်ဇရပ်)မှာ သက်တမ်းကြာမြင့်နေပြီး မော်တော်ကားလမ်းမှာ သံပေါင်အစွန်းထွက်ရက်မများပေါ်တွင် တည်ဆောက်ထားရာ ဝန်လေးယာဉ်ကြီးများ ဖြတ်သန်းရန် မသင့်လျော်တော့ပေ။

* ထို့ကြောင့် တန်ချိန် ၆၀ ဝန်ခံနိုင်အားရှိသော စစ်တောင်းတံတား(မုပ္ပလင်)ကို တည်ဆောက်သဖြင့် လမ်းပန်းဆက်သွယ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။

* တံတားကြီး အကျိုးကျေးဇူးကြောင့် မွန်ပြည်နယ်အတွက် စီးပွားရေးဘဝတွင် အရေးပါသည့် လူမှုလုပ်ငန်းဆောင်တာများကို လွယ်ကူစွာ လုပ်ကိုင်နိုင်ပြီဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

❖ နှစ်နိုင်ငံမှ

တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်ဘင်တေးနှင့်လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံရေးကော်မတီဝင် မစ္စတာ လီယွန်ချောင်နှင့်လည်းကောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ဒုတိယဥက္ကဋ္ဌ မစ္စတာ လူယွန်ရှောင်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့သည်ဟု သိရှိရပါကြောင်း။

အဆွေတော်အနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးထူးခြားခြားစွမ်းဆောင်ပေးခဲ့သည်ကို ချီးကျူးပြောကြားလိုပါကြောင်း၊ ယခုခရီးစဉ်ကြောင့် နှစ်ဦးနှစ်ဖက်နားလည်မှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် မြန်မာ-တရုတ် နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်မည်ဟုလည်း မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌကြီးကိုယ်တိုင် လက်ခံတွေ့ဆုံသည်ကို များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအခါ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ကျင်းပနေချိန် ဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးစီမံကိန်းများ၊ ဘတ်ဂျက်ငွေခွဲဝေချထားရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးနေကြပါကြောင်း၊ အရေးကြီးသည့် အစည်းအဝေးဖြစ်သော်လည်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌကြီး၏ ဖိတ်ကြားစာကိုရရှိသဖြင့် နှစ်နိုင်ငံလွှတ်တော်အချင်းချင်းဆက်ဆံရေးအတွက် အလေးထားကာ ယခုကဲ့သို့ လာရောက်လည်ပတ်ခြင်းဖြစ်ပါကြောင်း။

မြန်မာကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့သို့ စတင်ဆိုက်ရောက်ချိန်မှ စတင်ကာ သက်ဆိုင်ရာတာဝန်ရှိသူများက လှိုက်လှိုက်လှဲလှဲကြိုဆိုဧည့်ဝတ်ပြုကြသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယမန်နေ့က မစ္စတာကျားချင်လင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို နက်နက်နဲနဲဆွေးနွေးနိုင်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်ဘင်တေးနှင့်လည်း သိကျွမ်းခဲ့သည်မှာ ၁၀ နှစ်ကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယနေ့နံနက်ကလည်း တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံရေးကော်မတီဝင် မစ္စတာလီယွန်ချောင်နှင့် ပါတီရေးရာများကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း။

တရုတ်နိုင်ငံအနေဖြင့် နယ်မြေကျယ်ပြန့်ကြီးမားသလို လူဦးရေမှာလည်း သန်းပေါင်း ၁၃၀၀ ကျော်ရှိနေပြီး တိုင်းရင်းသားလူမျိုးစုပေါင်း ၅၆ စုရှိနေသော်လည်း နိုင်ငံတွင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများရရှိမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းမှာ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု ထိရောက်နက်ရှိုင်းမှုကို သိသာစေပါကြောင်း၊ သို့ဖြစ်ရာ အဆိုပါအတွေ့အကြုံကောင်းများကို သိရှိလေ့လာနိုင်ရန် ဆွေးနွေးမှုများ အချိန်ကြာမြင့်စွာပြုလုပ်ခဲ့သလို အသေးစိတ်သိရှိလိုသည်များကိုလည်း ဆွေးနွေးမေးမြန်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အမြဲတမ်းမှန်ကန်စွာ ရပ်တည်ဆောင်ရွက်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူပြည်သားများမှ ရွေးချယ်ထားသည့် လမ်းကြောင်းကို တရုတ်နိုင်ငံက ထောက်ခံအားပေးမှုကို ဝမ်းမြောက်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားမှုအပေါ်တွင်လည်း ဂုဏ်ယူပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းတည်ရှိမှု မူဝါဒကိုလည်း မြန်မာနိုင်ငံက အစဉ်တစိုက် ထောက်ခံပါကြောင်း၊ ထို့ပြင် တိဘက်၊ ထိုင်ဝမ်နှင့် ရှင်းကျန့်ဒေသများကိစ္စတွင်လည်း တရုတ်နိုင်ငံ၏ ရပ်တည်ချက်အတိုင်း မြန်မာက ရပ်တည်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးအစီအမံကို မြန်မာနိုင်ငံက ထောက်ခံပါကြောင်းကို အတည်ပြုပြောကြားလိုပါကြောင်း။

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်စိတ်တစ်ဒေသ အကျိုးဖြစ်ထွန်းစေသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဖြစ် ပိုမိုတိုးတက်ဆောင်ရွက်သွားနိုင်ရန်အတွက် အသေးစိတ်အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဟု ယူဆပါကြောင်း၊ အတွေ့အကြုံများပြားသည့် အဆွေတော်ဥက္ကဋ္ဌကြီးအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံမှု ပိုမိုတိုးတက်လာစေရေးအတွက် လိုအပ်သည့် အကြံဉာဏ်များနှင့် သဘောထားတို့ကို ဆွေးနွေးပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မစ္စတာဝူဘန်ကိုက အဆွေတော်တို့အနေဖြင့် ယခုကဲ့သို့ လာရောက်ကာ အမြင်ချင်းဖလှယ်ဆွေးနွေးကြခြင်းသည် နှစ်ဖက်ယုံကြည်မှုကို တိုးပွားစေပါကြောင်း၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုမှာ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ရာ တရုတ်ပြည်သူလူထုအနေဖြင့် မြန်မာပြည်သူလူထုအပေါ် ခင်မင်ရင်းနှီးမှုရှိပြီး ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း မြန်မာပြည်သူလူထု၏ ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ကို ခံစားခဲ့ရပါကြောင်း၊ နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် တိုးတက်အောင်မြင်မှုများ ရရှိလာခြင်းအပေါ်တွင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများအဖြစ် တက်လှမ်းနေကြသည်မှာ ကဏ္ဍသစ်တစ်ခုကို

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဖော်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံမှုမှာ အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေး ယခုထက် ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများကလည်း ဆန္ဒရှိကြပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပထမအချက်အနေဖြင့် နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များအကြား အပြန်အလှန်ဖလှယ်မှုများ ပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း၊ အခြေအနေများ လျင်မြန်စွာပြောင်းလဲနေသည့် ယနေ့ကဲ့သို့အချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးတူကိစ္စများ ဆွေးနွေးနိုင်ခြင်းသည် ကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံမှ ခေါင်းဆောင်များ လာရောက်လည်ပတ်ပါရန်လည်း ဖိတ်ကြားလိုပါကြောင်း၊

ယခုနှစ် ဒုတိယ ၆ လပိုင်းကာလအတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ နန်နင်းမြို့သို့ လာရောက်ရန်ရှိသည်ဟု ကြားသိရပါကြောင်း၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအားလည်း အဆင်ပြေသည့် အချိန်တွင် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအား အသေးစိတ်စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သို့မှသာလျှင် အနှစ်သာရ ပိုမိုပြည့်ဝပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံအကြား လွှတ်တော်အဆင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီတို့အကြား အရေးကြီးသောကဏ္ဍများတွင် လက်တွဲဆောင်ရွက်သွားနိုင်ရန် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုဆောင်ရွက်ခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားခြင်းဖြင့် ဆက်ဆံရေးပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ပါတီအချင်းချင်းအကြားတွင်လည်း အပြန်အလှန်ဖလှယ်ခြင်းနှင့် လေ့လာမှုများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အချင်းချင်း၊ ပါတီအချင်းချင်းဆက်ဆံမှုသည် ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေးအတွက် အရေးပါသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း၊ ၎င်းအနေဖြင့် ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့စဉ်က စီးပွားရေးအပိုင်းကို တာဝန်ယူခဲ့ပါကြောင်း၊ ၁၉၉၇ ခုနှစ်က မိမိမြန်မာနိုင်ငံသို့ သွားရောက်ခဲ့စဉ် နှစ်နိုင်ငံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် သွားရောက်လေ့လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အရေးပါသောနေရာတွင် တည်ရှိသည့်အပြင် သဘာဝသယံဇာတလည်း ပေါများကြွယ်ဝပါကြောင်း။

သို့ရာတွင် ၁၉၈၈ ခုနှစ်မှစတင်၍ အနောက်နိုင်ငံကြီးများက မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ ချမှတ်ခဲ့ပါကြောင်း၊ သို့ရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုများမှာ တိုးတက်လျက်ရှိနေပါကြောင်း၊ ယခုအခါ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံကြီးအဖြစ် တည်ရှိနေသလို ကုန်သွယ်မှုကဏ္ဍအများအပြားတွင်လည်း တိုးချဲ့ဆောင်ရွက်လာကြပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်စေနိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအား ရပ်ဆိုင်းခဲ့ခြင်းသည် ပြည်တွင်း/ပြည်ပအခြေအနေများကြောင့် ဖြစ်သည်ဟု ယူဆပါကြောင်း၊ အဆိုပါကိစ္စအပေါ် ကောင်းမွန်စွာဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံတွင်လည်း Three Georges ကဲ့သို့သော ရေကာတာကြီးများကို ဆောက်လုပ်ခဲ့ရာ များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေပါကြောင်း။

အနောက်နိုင်ငံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စ၊ ရာသီဥတုပြောင်းလဲမှုကိစ္စများကို ထောက်ပြကာ စီးပွားရေးလုပ်ငန်းအချို့ကို အနှောင့်အယှက်ပြုနေကြပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တံခါးဖွင့်စီးပွားရေးဝါဒကို လက်ခံကျင့်သုံးခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အနောက်နိုင်ငံများမှ တင်သွင်းဆောင်ရွက်ရသည်များလည်း ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်ကြီးများလည်း ရေးဆွဲချမှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရရှိလာမည်ဟု ယုံကြည်ပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းကြီးများအနေဖြင့် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ရေနက်ဆိပ်ကမ်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း၊ မော်တော်ကားလမ်း၊ မီးရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများပါဝင်ပါကြောင်း၊ အဆိုပါစီမံကိန်းများမှ အလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် လူမှုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံတွင် စက်မှုထွန်းကားလာစေရေးကိုလည်း အလေးပေးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွချီနိုင်ခဲ့ရာ မြန်မာပြည်သူပြည်သားများက အထူးပူဇော်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တရုတ်မသန်မစွမ်းအားကစားအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်နိုင်ခဲ့သလို ပေကျင်းကျွမ်းဘားအဖွဲ့တစ်ဖွဲ့လည်း မကြာမီ မြန်မာနိုင်ငံသို့ သွားရောက်ရန်ရှိပါကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်များသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်တည်တံ့ရေးအတွက် လိုအပ်ချက်များဖြစ်ကြောင်း။

ထို့ပြင် အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းမှလည်း ပူးပေါင်းဆောင်ရွက်မှုများရှိနေပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျအာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန်ရှိပါကြောင်း၊ အာဆီယံမူဘောင်အတွင်းမှလည်း မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေရန် ဆန္ဒရှိပါကြောင်း၊ နှစ်ဖက်အကျိုးစီးပွားနှင့်ပတ်သက်လာပါက မြန်မာနှင့် တရုတ်တို့မှာ အပြန်အလှန်ထောက်ခံမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ထိုင်ဝမ်၊ တိဘက်နှင့် ရှင်းကျင့်ဒေသများအရေးတွင် မြန်မာနိုင်ငံ၏ ထောက်ခံမှုအပေါ် မိမိတို့ တန်ဖိုးထားပါကြောင်း၊ သို့ဖြစ်ရာ နှစ်နိုင်ငံဆက်ဆံမှုပိုမိုတိုးမြှင့်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ထပ်မံပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်အနေဖြင့် ယခုကဲ့သို့ အသေးစိတ်ဆွေးနွေးပြောကြားပေးသည်များကို များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တရုတ်ကွန်မြူနစ်ပါတီတို့အကြားတွင်လည်းကောင်း၊ နှစ်နိုင်ငံလွှတ်တော် ၂ ရပ်အကြားတွင် လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အမတ်အချင်းချင်း အပြန်အလှန် ဖလှယ်ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ခြင်းအပြင် အခြားနည်းပညာဆိုင်ရာ တိုးတက်ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာ တိုးမြှင့်သွားနိုင်ရေးအတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင်လည်း ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွချီနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အဖွဲ့များအပြန်အလှန် ပိုမိုစေလွှတ်သွားရန် ဆန္ဒရှိပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများမူဘောင်အတွင်းမှလည်း တရုတ်နိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အလေးထားပါကြောင်း။

မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် မြစ်ဆုံကိစ္စဖြစ်ပွားခဲ့မှုအပေါ် သင်ခန်းစာယူပြီး လုပ်ဆောင်သွားကြရန်ဖြစ်ပါကြောင်း၊ မြန်မာ-

တရုတ်နှစ်နိုင်ငံ လက်ရှိစီမံကိန်းများဖြစ်သည့်
ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ကားလမ်းနှင့်မီး
စေမည့်စီမံကိန်းကြီးများ ဖြစ်ပါကြောင်း၊ အ
ဆက်လက်အကောင်အထည်ဖော်သွားနိုင်
ဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြား

အနာဂတ် မြန်မာ-တရုတ်ဆက်ဆံရေး
ပါကြောင်း၊ အထူးသဖြင့် လုံခြုံရေး၊ တည်
အထူးဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ပါ
များအကြား အမြဲညှိနှိုင်းဆောင်ရွက်သွားရန်လို
နိုင်ငံရေးပါတီများ များစွာပေါ်ပေါက် လာပြီး
ရည်မှန်းချက်များကိုယ်စီရှိကြမည်ဖြစ်သော်လ
ရေးပါတီအနေဖြင့် အေးချမ်းသာယာပြီး
နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်သွားမည်ဖြ
အကျိုးစီးပွားအတွက် အဓိကရည်မှန်းချက်ထာ
ပြီးခဲ့သည့်ကာလများအတွင်း မြန်မာနိုင်ငံသို့
မှုများ အများအပြားရှိခဲ့ပါကြောင်း၊ ထိုသို့လာ
မိမိနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း၊ အမေ
ကလင်တန် မြန်မာနိုင်ငံလာရောက်စဉ် မိမိနှ
အမေရိကန်ဆက်ဆံရေး ပုံမှန်ပြန်လည်
မည်သည့်နိုင်ငံအဖွဲ့အစည်းဖြစ်စေ မြန်မာပြ
မူဝါဒများ၊ အစီအမံများ၊ လုပ်ဆောင်ချက်များ
ကြောင်း။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့်
တရုတ်နိုင်ငံမှ ပြောကြားပေးမှုများအပေါ် မိမိ
နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် မည်ကဲ့သို့
မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေဖြစ်သည့် တရုတ်
မည်သို့မျှ အထိခိုက်ခံမည်မဟုတ်ပါကြော
ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆက်
ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အ
သည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်
မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ဖြစ်မည်
ယခုထက် ပိုမိုမြန်ဆန်စွာတိုးတက်လာမည်
ပြောကြားသည်။

ထို့နောက် မစ္စတာဝူဘန်ကိုက အ
လွှတ်တော်များအကြား ပူးပေါင်းဆောင် ရွ
ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနို
ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရွေးချယ်မှုကို
ပကတိအခြေအနေများနှင့် ကိုက်ညီသည့် မူ
ကြောင်း။

မိမိတို့အမြင်အရ အနောက်နိုင်ငံများအ
အတော်များပြားနေသည်ကို သတိပြုမိပါကြေ
ဆက်ဆံရေးပြန်လည်ကောင်းမွန်လာစေရေး
ရေးအပေါ် မထိခိုက်စေရန် ဆောင်ရွက်သွား
မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရ ပိုမိုဖွံ့ဖြိုး
သည့် နိုင်ငံတကာဆက်ဆံမှုအခြေအနေနှင့်
လိုအပ်ချက်များဖြစ်ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့်လည်း စီးပွားရေ
ကောင်းမွန်သည့် နိုင်ငံတကာ ပတ်ဝန်းကျ
ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်မှ
ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြေ
နိုင်ငံများနှင့် ဆက်ဆံရာတွင် မိမိနိုင်ငံ၏ အ
မဟုတ်သည်ကို ၎င်းတို့သိရှိပါကြောင်း၊ တ
အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်
ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ
အနောက်ဘက်ခန်းမကြီး၌ ညစာစားပွဲဖြင့် တ

ညစာသုံးဆောင်နေစဉ်အတွင်း တရု
တေးဂီတများ၊ တေးသံသာများဖြင့် သီဆိုဖျော်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္က
ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များကို

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက
ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်
ပေးအပ်သည်။

❏ ကျောဖုံးမှ

မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားရိုးရာအကများဖြင့် ဖြေဖျော်ကြကာ နိုင်ငံတော်သမ္မတ၏ ထာဝရငြိမ်းချမ်းရေး လက်ဆောင်အဖြစ် ပေးအပ်သော Sky Net အစုံ ၂၀ အား နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် Sky Net ၁၀ စုံနှင့် ပန်းခြင်းအား မွန်ပြည်သစ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီအား လည်းကောင်း၊ မွန်ပြည်သစ်ပါတီငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၏ ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၂၀၀ ကို မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအားလည်းကောင်း ပေးအပ်ကြသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မော်လမြိုင်မြို့ရှိ Strand Hotel ၌ ပဏာမသဘောတူလက်မှတ် ရေးထိုးပွဲကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဇော်မင်း၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးမှူး (ပထမတန်း)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဦးစီးမှူး(ပထမတန်း) (ပြည်သူ့စစ်)၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မွန်ပြည်သစ်ပါတီ (NMSP)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်သောငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးအဖွဲ့မှ ဗိုလ်မှူးကြီးဌေးမြင့်အောင် ဦးစီး(၅)ဦးနှင့် မွန်ပြည်သစ်ပါတီမှ ဖွဲ့စည်းပေးသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီ ဦးစီး(၅)ဦးတို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က နှစ်ဖက်ပဏာမသဘောတူညီခဲ့သော ပြည်နယ်အဆင့် သဘောတူညီချက်(၅)ချက်အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဇော်မင်း၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့၏ ရှေ့မှောက်၌ အတည်ပြုသဘောတူလက်မှတ်ရေးထိုးကြသည်-

အတည်ပြုသဘောတူညီချက်များမှာ-

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ။

(ခ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ညှိနှိုင်းရန်ကိစ္စ။

(ဂ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ) ထားရှိရန်ကိစ္စ။

(ဃ) နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီးဆောင်ရွက်မည်။

(င) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ။

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက်(၄)ချက်အား လက်မှတ်ရေးထိုးကြသည်။ အဆိုပါသဘောတူညီချက်များမှာ-

(က) တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ အထူးသဖြင့် တိုင်းရင်းသားနယ်မြေများအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးရပ်စဲရန်။

(ခ) အပစ်အခတ်ရပ်စဲချိန်မှစ၍ အများဆုံး(၄၅)ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲစတင်ရန်။

သင့်တော်သောအကျိုးဆောင်ပုဂ္ဂိုလ်များကို လေ့လာအကဲခတ်သူအဖြစ် ပါဝင်ခွင့်ပြုပြီး-

(၁) လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းအားလုံးနှင့် အပစ်အခတ်ရပ်စဲပြီးစီးပါက လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်း

များ၏ကိုယ်စားလှယ်မျ
နိုင်ငံရေး ဆွေးနွေးဖော်
အပစ်အခတ်ရပ်ချိန်မှစ
အဖွဲ့အစည်းအားလုံးနှင့်
ပါက စုစည်းနိုင်သော
လှယ်များနှင့် အစိုးရကို
စတင်ဖော်ဆောင်သွားရ

(၂) ဤနိုင်ငံရေးဆွေးနွေးပွဲ
တိုင်းရင်းသား နိုင်ငံရေး
အင်အားစု နိုင်ငံရေးပါ
စေပြီး အမျိုးသားစည်းလုံ
သွားရန်။

(၃) အထက်ပါ ဆွေးနွေးပွဲမှ
လက်တွေ့ အကောင်အ
လုပ်ငန်းစဉ်များ ချမှတ်

(ဂ) အပစ်အခတ်ရပ်စဲရေးစတင်ချိန်
ပညာရေး၊ ကျန်းမာရေး၊ လူမှု
တိုးတက်ရေးအတွက် သက်ဆိုင်
အစည်းနှင့် အစိုးရပူးပေါင်းညှိ

တရုတ်နှစ်နိုင်ငံ လက်ရှိစီမံကိန်းများဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ကားလမ်းနှင့်မီးရထားလမ်းကိစ္စများမှာ နှစ်နိုင်ငံအကျိုးရှိစေမည့်စီမံကိန်းကြီးများ ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းကြီးများအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေးအတွက် ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

အနာဂတ် မြန်မာ-တရုတ်ဆက်ဆံရေးမှာ နှစ်နိုင်ငံစလုံးအတွက် အရေးကြီးပါကြောင်း၊ အထူးသဖြင့် လုံခြုံရေး၊ တည်ငြိမ်ရေး၊ ကာကွယ်ရေးကိစ္စများတွင် အထူးဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၊ ပါတီများအကြား အမြဲညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများ များစွာပေါ်ပေါက် လာပြီး ယင်းပါတီများတွင် ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များကိုယ်စီရှိကြမည်ဖြစ်သော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် အဓိကရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်ကာလများအတွင်း မြန်မာနိုင်ငံသို့ အနောက်နိုင်ငံများမှ ဝင်ထွက်သွားလာမှုများ အများအပြားရှိခဲ့ပါကြောင်း၊ ထိုသို့လာရောက်သည့်ခရီးစဉ်အများအပြားတွင် မိမိနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံလာရောက်စဉ် မိမိနှင့်တွေ့ဆုံခဲ့ရာ မိမိတို့အနေဖြင့် မြန်မာ-အမေရိကန်ဆက်ဆံရေး ပုံမှန်ပြန်လည်ကောင်းမွန်စေလိုကြောင်း၊ သို့ရာတွင် မည်သည့်နိုင်ငံအဖွဲ့အစည်းဖြစ်စေ မြန်မာပြည်သူပြည်သားများ ဒုက္ခရောက်စေမည့် မူဝါဒများ၊ အစီအမံများ၊ လုပ်ဆောင်ချက်များကိုလက်မခံကြောင်းကို ပြောကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် တားဆီးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် တရုတ်နိုင်ငံမှ ပြောကြားပေးမှုများအပေါ် မိမိတို့ဝမ်းမြောက်မိပါကြောင်း၊ အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် မည်ကဲ့သို့ပင် ပြန်လည်ချဉ်းကပ်လာသော်လည်း မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေဖြစ်သည့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မည်သို့မျှ အထိခိုက်ခံမည်မဟုတ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးကို ဆက်လက်အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်ဥက္ကဋ္ဌကြီးအနေဖြင့် သင့်တော်သည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ဖြစ်မည်ဆိုပါက နှစ်နိုင်ငံအကြားဆက်ဆံရေးများ ယခုထက် ပိုမိုမြန်ဆန်စွာတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မစ္စတာဝူဘန်ကိုက အဆွေတော်ပြောကြားသည့် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင် ရွက်မှုမြှင့်တင်ရေးကိစ္စကို သဘောတူညီပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ရွေးချယ်လျှောက်လှမ်းနေသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရွေးချယ်မှုကို လေးစားပါကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီသည့် မူဝါဒရွေးချယ်ကျင့်သုံးမှုကို ထောက်ခံပါကြောင်း။

မိမိတို့အမြင်အရ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုအတော်များပြားနေသည်ကို သတိပြုမိပါကြောင်း၊ သို့ရာတွင် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်ရာတွင် တရုတ်နှင့် ဆက်ဆံရေးအပေါ် မထိခိုက်စေရန် ဆောင်ရွက်သွားမည်ဆိုခြင်းကို ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကောင်းမွန်သည့် နိုင်ငံတကာဆက်ဆံမှုအခြေအနေနှင့် ပွင့်လင်းသည့် စီးပွားရေးစနစ်တို့မှာ လိုအပ်ချက်များဖြစ်ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်မှာ ကောင်းမွန်သည့် နိုင်ငံတကာ ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးထားနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်မှုရှိမှ မိမိနိုင်ငံ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အနောက်နိုင်ငံများနှင့် ဆက်ဆံရာတွင် မိမိနိုင်ငံ၏ အဓိကအကျိုးစီးပွားကို အထိခိုက်ခံမည်မဟုတ်သည်ကို ၎င်းတို့သိရှိပါကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံဆက်ဆံရာတွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားသွားကြရမည်ဖြစ်ကြောင်း ဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များအား အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုက ပြည်သူ့ခန်းမဆောင်ကြီးရှိ အနောက်ဘက်ခန်းမကြီး၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်အနုပညာရှင်များက ခေတ်ပေါ်တေးဂီတများ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေကြသည့် တရုတ်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Lu Yong Xiang နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Lu Yong Xiang နှင့် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ပေကျင်းမြို့ရှိ အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးဗဟိုဌာန အမှတ်(၄) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ သူရဦးအောင်ကို၊ ဦးမောင်မောင်ဆွေနှင့် ဦးကြည်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစိန်တင်ဝင်းနှင့် ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာသံအမတ်ကြီး ဦးတင်ဦးတို့ တက်ရောက်ကြပြီး အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ တိုင်းရင်းသားရေးရာကော်မတီဝင် Mr. Luo Sang Ling Zhi Duo Jie၊ ဥပဒေရေးရာ ကော်မတီဝင် Mr. Fan Fang Ping၊ ဘဏ္ဍာရေးနှင့် အခွန်စည်းကြပ်ရေးကော်မတီဝင် Mr. He Xiao Wei နှင့် ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုရေးရာကော်မတီဝင် Mr. Wu Zhong Ze တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌက အဆွေတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်နှင့် လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အဆင့်မြင့်ပုဂ္ဂိုလ်များဖြစ်သည့်အတွက် တရုတ်နိုင်ငံအပေါ် မည်မျှအလေးထားကြောင်းကို ဖော်ညွှန်းသည့်အပြင် နှစ်နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကပင် နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှုရှိနေသည့် နိုင်ငံများဖြစ်ကြပြီး ချမှတ်ထားသော ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံကာ အဆိုပါချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးစသည့် အချက်များမှာ အဓိကကျသည့် အချက်များဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ရသလို အားပေးထောက်ခံပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသည့် အခြေခံအချက်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တစ်ခု ရှိရန်လိုအပ်ပါကြောင်း၊ တရုတ်နိုင်ငံတွင် အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်ရန် လိုအပ်သည့်အခါ ပြည်သူ့ကွန်ဂရက်သို့ တင်ပြအဆုံးအဖြတ်ခံယူရကြောင်း၊ ယခုနှစ်များအတွင်း တရုတ်-မြန်မာနှစ်နိုင်ငံသည် ဘက်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေခြင်းသည် နှစ်နိုင်ငံချမှတ်ထားသည့် ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်သည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ဥပဒေပြုရေးနှင့် အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် အဆွေတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ပိုမိုပြည့်စုံကောင်းမွန်သည့် အခြေခံဥပဒေများကို ဦးဆောင်ရေးဆွဲချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလည်း မိမိတို့ချစ်ကြည်ရေးအဖွဲ့အား ရင်းနှီးပျူငှာစွာ ကြိုဆိုဂုဏ်ပြုစကားပြောကြားသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ အလွန်အရေးကြီးသည့် ပြည်ထောင်စုလွှတ်တော် ကျင်းပနေချိန်ဖြစ်သော်လည်း ကွန်ဂရက်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ကို အလေးထားပြီး တရုတ်-မြန်မာနှစ်နိုင်ငံဘက်စုံကဏ္ဍစုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆွေတော်တို့ တရုတ်ပြည်သူ့ကွန်ဂရက်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အတွေ့အကြုံများနှင့် အကြံဉာဏ်များကို ပြောကြားမည်ဆိုပါက မိမိတို့လွှတ်တော်အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲအလေးထားခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ဆက်လက်ထောက်ခံပါကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်မှုကို မြန်မာနိုင်ငံအနေဖြင့် အစဉ်လိုလားပါကြောင်း၊ တရုတ်နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စာချုပ်ချုပ်ဆိုခြင်းကို ပြည်သူ့ကွန်ဂရက်သို့ တင်ပြအဆုံးအဖြတ်ရယူရသည်ဟု သိရသဖြင့် မိမိတို့မှတ်သားဆောင်ရွက်ရမည့် အချက်ဖြစ်ပါကြောင်း၊ ထို့အပြင်ပြည်သူ့ကွန်ဂရက်အနေဖြင့် စီမံခန့်ခွဲရေး၊ ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးစသည့် အရေးကြီးသော အပိုင်းများကို တာဝန်ယူဆောင်ရွက်နေသောကြောင့် တရုတ်နိုင်ငံ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေခြင်းကို ငြင်းမရပါကြောင်း၊ မိမိတို့လွှတ်တော်နှင့် တရုတ်ပြည်သူ့ကွန်ဂရက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌက အစည်းအဝေးဗဟိုဌာန Qin Yuan ခန်းမ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Lu Yong Xiang ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ယာဉ်ရပ်နားခ ပိုမိုကောက်ယူသူကို လုပ်ငန်းလုပ်ကိုင်ခွင့်ရုပ်သိမ်း



မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လေလံတင်ရောင်းချခဲ့သော လုပ်ကိုင်ဆောင်ရွက်မှုရှိ၊ မရှိကို လုပ်ငန်းရပ်များအလိုက်ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို ထိန်းသိမ်းကြီးကြပ်လျက်ရှိပြီး လမ်းဆုံလမ်းခွများ၌ သတိပေးပိုစတာဆိုင်းဘုတ်များဖြင့် နှုန်းထားများကြေညာထားခြင်းတို့ကို ဆောင်ရွက်ပေးထားသည်။ **(ဓါတ်ပုံ)**

ပထမအကြိမ်လေလံလုပ်ငန်းရှင်အား သတိပေးခြင်း၊ ဒုတိယအကြိမ်လေလံစည်းကမ်းဖောက်ဖျက်မှုအတွက် သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တတိယအကြိမ်ထပ်မံ၍ လေလံစည်းကမ်းဖောက်ဖျက်မှုအတွက် လေလံလုပ်ငန်းလုပ်ကိုင်ခွင့်အား ပြန်လည်သိမ်းယူသည်အထိ အရေးယူဆောင်ရွက်လျက်ရှိသည်။

လေလံကြေး ငွေကျပ် ၃၀၃၃၀၀၀၀ ဖြင့် လေလံဆွဲဝယ်ယူ၍ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်း၊ လမ်း(၈၀)နှင့် (၈၄)လမ်းကြား ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်လုပ်ငန်းလုပ်ကိုင်သူသည် ဆိုင်ကယ်တစ်စီး တစ်နာရီရပ်နားလျှင် ငွေကျပ် ၅၀၊ တစ်နာရီထက်ကျော်လျှင် ငွေကျပ် ၁၀၀၊ မော်တော်ကားတစ်စီး တစ်နာရီအတွင်း ငွေကျပ် ၁၀၀၊ တစ်နာရီကျော်လျှင် ငွေကျပ် ၂၀၀ ကောက်ခံရန်သတ်မှတ်ထားသော်လည်း ပိုမိုကျော်လွန်ကောက်ခံသဖြင့် မေ ၈ ရက်က ပထမအကြိမ်သတိပေးခြင်း၊ မေ ၂၅ ရက်က ဒုတိယအကြိမ်ကျူးလွန်သဖြင့် သတ်မှတ်ဒဏ်ငွေတပ်ရိုက်ခြင်း ပြုလုပ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က သတ်မှတ်အခွန်အခထက် ပိုမိုကောက်ခံနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လေလံလုပ်ငန်းလုပ်ပိုင်ခွင့်အား ရုပ်သိမ်းအရေးယူခဲ့သည်။

ယာဉ်ရပ်နား(ကန့်သတ်) လုပ်ငန်းကောက်ခံသူ လူငယ်များ၏ ရိုင်းပြစ်စွာကောက်ခံမှုကြောင့် ချမ်းအေးသာစံမြို့နယ် (၈၂)လမ်း၊ (၂၆)လမ်းနှင့် (၂၇)လမ်းကြား (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊ (၈၃) လမ်း (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၌ အိမ်ရှင်များနှင့် ကောက်ခံသူ လူငယ်များ အကြား မကြာခဏ အချေအတင်ပြောဆိုမှုများ ဖြစ်ပေါ်လျက်ရှိရာ ချိုသာပြေပြစ်စွာ ယာဉ်ရပ်နားခ ကောက်ခံသင့်ကြောင်း ပြည်သူများက သင့်ပြောဆိုကြကြောင်း သိရသည်။ (သီဟကိုကို)

များ၏ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များ နိုင်ငံရေး ဆွေးနွေးဖော်ဆောင်သွားရန်၊ အကယ်၍ မိမိတို့နှင့် အပစ်အခတ်ရပ်ချိန်မှစပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ အဖွဲ့အစည်းအားလုံးနှင့် အပစ်အခတ်ရပ်စဲနိုင်ခြင်း မရှိသေးပါက စုစည်းနိုင်သော အပစ်ရပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ နိုင်ငံရေးဆွေးနွေးပွဲ စတင်ဖော်ဆောင်သွားရန်။

(၂) ဤနိုင်ငံရေးဆွေးနွေးပွဲ ပြေလည်မှုအပေါ် အခြေခံ၍ ပြည်တွင်းတိုင်းရင်းသား နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များပါ ပါဝင်စေပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ဆက်လက်ဆွေးနွေးသွားရန်။

(၃) အထက်ပါ ဆွေးနွေးပွဲမှရရှိသော သဘောတူညီချက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်အတွက် အမြန်ဆုံး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်။

(ဂ) အပစ်အခတ်ရပ်စဲရေးစတင်ချိန်မှစ၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် အစိုးရပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်သွားကြရန်။

(ဃ) **အထွေထွေတင်ပြချက်များ။** အပစ်အခတ်ရပ်စဲထားစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်နေစဉ်အတွင်း-

(၁) ရဟန်းရှင်လူ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံ၊ အပြန်အလှန် ကူညီရိုင်းပင်းနိုင်ခွင့်ရှိရန်၊

(၂) ပြည်တွင်းနိုင်ငံရေးပါတီများနှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်၊

(၃) ပြည်တွင်းပြည်ပ NGO အဖွဲ့များနှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်၊

(၄) သတင်းဌာနများ၊ မီဒီယာများတို့နှင့် ထိတွေ့ဆက်ဆံနိုင်ခွင့်ရှိရန်၊ နိုင်ငံရေးဆွေးနွေးပွဲရလဒ်ကို ပြည်သူလူထုအား လိုအပ်သလို အသိပေးရန်၊

(၅) နိုင်ငံခြားသံတမန်များနှင့် ထိတွေ့ဆက်ဆံရာတွင် ကြိုတင်ညှိနှိုင်း သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်၊

(၆) အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း မွန်ပြည်နယ်နှင့် ဆက်စပ်နယ်မြေများတွင် စစ်အင်အား ထပ်မံတိုးချဲ့ချထားခြင်း မလုပ်ဆောင်ရန်၊

(၇) အကျဉ်းထောင်များတွင် ကျန်ရှိနေသေးသည့် နိုင်ငံရေးသမားများကို အားလုံးလွှတ်ပေးရန်နှင့် အကျဉ်းထောင်အတွင်းရှိ မွန်ပြည်သစ်ပါတီမှ ရဲဘော်များအားလည်း သက်ညှာစာနာ ထောက်ထားလွှတ်ပေးရန်၊

(၈) ပြစ်မှုကျူးလွန်ပြီး တစ်ဖက်တပ်တစ်ခုမှ အခြားတစ်ဖက်တပ်တစ်ခုသို့ ထွက်ပြေးတိမ်းရှောင်ဝင်ရောက်လာသော ရာဇဝတ်သားများနှင့် ပတ်သက်၍ သက်ဆိုင်ရာ နှစ်ဖက်တာဝန်ရှိ ပုဂ္ဂိုလ်များက ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြရန်၊

(၉) စေတနာလုပ်အားပေးမှုလွဲ၍ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းကို နှစ်ဖက်စလုံးမှ ရှောင်ကြဉ်ရန်၊ ပြဿနာဖြစ်တည်နေသည့် ပြည်သူများ၏ မြေယာများကိစ္စကို နှစ်ဖက်ညှိနှိုင်း ဝိုင်းဝန်းဖြေရှင်းသွားကြရန်၊

(၁၀) မူးယစ်ဆေးဝါးပိတ်ပင်တားဆီးရေး၊ ပညာပေးရေးလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားကြရန်၊

(မှတ်ချက်။ အထက်ဖော်ပြပါ အချက် (၁၀)ချက်အပြင် နောင်တွင် အခြားတင်ပြရန်အချက်အလက်များ ရှိလာပါက ဆက်လက်ဆွေးနွေးသွားပါမည်။)

ထို့နောက် ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် ဦးနိုင်တလည်တို့သည် ပြည်နယ်အဆင့် ပဏာမသဘောတူညီချက် အတည်ပြုစာချုပ်အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) ငြိမ်းချမ်းရေးဆောင်ရွက်ရေးအဖွဲ့မှ ဦးနိုင်ရော့စတို့သည် ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက်(၄) ချက်ပါ စာချုပ်အားလည်းကောင်း အပြန်အလှန် လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပအလုပ်သမားများအရေးအတွက် အီရတ် လျှော့ချမည်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ကြခြင်းကို လျှော့ချရန်နှင့် ပြည်တွင်းအလုပ်လက်မဲ့နှုန်းထားကို ဖြတ်တောက်ရန် ကြိုးပမ်းမှုအဖြစ် ကျွမ်းကျင်မှုမရှိသည့် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်ကို အီရတ်အစိုးရက ထိန်းချုပ်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

အီရတ်အလုပ်သမားဝန်ကြီး နာဆာအယ်လ်ဂူဗိုင်းအီး။

စစ်ပွဲပြီးကာလတွင် ကမ္ဘာတစ်ဝန်းမှ ထောင်ပေါင်းများစွာသော အလုပ်သမားများသည် အီရတ်နိုင်ငံအတွင်း၌ ပင်ပန်းဆင်းရဲကြီးစွာ လာရောက်အလုပ်လုပ်ကိုင်ကြသည်။ ၎င်းနိုင်ငံ၌ အလုပ်သမားဥပဒေနှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေများရှိသော်လည်း ပြဿနာပေါင်းအမြောက်အမြားနှင့် ရင်ဆိုင်နေရသဖြင့် ပြောင်းရွှေ့အလုပ်သမားများ ဒုက္ခရောက်နေကြရပြီး ဖိနှိပ်ခေါင်းပုံဖြတ်ခံနေရခြင်းကို မသိရှိသကဲ့သို့ ဖြစ်နေသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှုမရှိသည့် ပြည်ပအလုပ်သမားများကို နိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုတော့မည်မဟုတ်ဟု အလုပ်သမားဝန်ကြီး နာဆာအယ်လ်ဂူဗိုင်းအီးက သီရိလင်္ကာ ပြည်ပအလုပ်သမားဝန်ကြီး ဒီလန်ပီရီးရာနှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်းသို့ ပြည်ပမှ အလုပ်သမားများ တင်သွင်းလာကြသည့် အလုပ်ရှင်များသည် လူသားမဆန်သည့်အပြင် လောဘသက္ကာယကြီးမားကြကြောင်း၊ အခြေအနေဆိုးရွားသည့် လုပ်ငန်းခွင်အတွင်း၌ ပြည်ပအလုပ်သမားများကို ပြည်တွင်းအလုပ်သမားများထက် အလုပ်ချိန်ပိုခိုင်းကြကြောင်း၊ လုပ်ခလစာကိုလည်း နည်းပါးစွာပေးကြကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်။

ဇွန်လအတွင်း၌ မေစန်ပြည်နယ်တောင်ပိုင်းတွင် အစိုးရအဆောက်အအုံများတည်ဆောက်ရန် ငှားရမ်းခဲ့သော သီရိလင်္ကာ အလုပ်သမား ၃၀ ကျော်က အာဏာပိုင်များက ၎င်းတို့၏ အလုပ်ရှင်ကို တရားစွဲဆိုသည်အထိ တစ်ပတ်ကြာအစာငတ်ခံဆန္ဒပြခဲ့ကြသည်။

အလုပ်ရှင်က ၎င်းတို့ကို တစ်လလျှင် ဒေါ်လာ ၂၀၀၀ လုပ်ခပေးမည်ဟု ကတိပြုခဲ့ပြီး စတင်ရောက်ခဲ့သည့် ၂၀၀၉ ခုနှစ်မှစ၍ ယနေ့တိုင် ဆင့်တစ်ဆင့်မျှပင် မမြင်ရသေးကြောင်း အလုပ်သမားများက ပြောသည်။ **အင်တာနက်။**

ရုရှားနိုင်ငံ အနောက်တောင်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

ရုရှားနိုင်ငံအနောက်တောင်ပိုင်းရှိ ဆိုက်ဘေးရီးယားဒေသတွင် ဖေဖော်ဝါရီ ၂၆ ရက်က အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် သေကျေမှုနှင့် ပျက်စီးမှုသတင်းကိုမူ ယခုအချိန်အထိ မရရှိသေးဟု ဆိုသည်။

အဆိုပါငလျင်သည် အရှေ့လတ္တီတွဒ် ၉၅ ဒသမ ၉၂၀၇ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၅၁ ဒသမ ၇၃၁၄ ဒီဂရီရှိ နေရာကို ဗဟိုပြု၍ မြေအောက်အနက် ၁၁ ဒသမ ၇၀ ကီလိုမီတာတွင် လှုပ်ခြင်းဖြစ်သည်။

ငလျင်လှုပ်ချိန်မှာ လေးမိနစ်နှင့် ငါးမိနစ်ခန့်ကြာမြင့်ခဲ့ပြီး ဒေသတစ်ခုလုံးတွင် ငလျင်ဒဏ်ခံရကြောင်း သိရသည်။

ဆင်ဟွာ။

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကား ချောက်တွင်းထိုးကျ၍ ၁၅ ဦးသေ

ဂျင်ချန်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် ဂါအိုပင်းစီရင်စု ဂျင်ချန်းမြို့အနီး ချောက်နက်တစ်ခုအတွင်း ခရီးသည်တင်ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ကာ ထိုးကျသွားကြောင်း၊ ခရီးသည် ၁၅ ဦး သေဆုံးကြောင်း ဖေဖော်ဝါရီ ၂၆ရက် သတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၅ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၂၅မိနစ်ခန့်က တရုတ်နိုင်ငံ မြို့တော်ပေကျင်း အနောက်ဘက် ၇၃၂ကီလိုမီတာဝေးကွာသောနေရာ၌ ကမ္ဘာလှည့်ခရီးသည်များ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားသည် မီတာ ၅၀ အနက်ရှိ ချောက်အတွင်း ထိုးကျသွားခြင်းဖြစ်ကြောင်း ပြည်နယ်ဆိုင်ရာ ယာဉ်ထိန်းရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဘတ်စ်ကားအတွင်းမှ ခရီးသည် ၁၉ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသွားသူများအား ဒေသတွင်းရှိ ဆေးရုံနှစ်ရုံသို့ပို့ဆောင်ကာ ဆေးကုသပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် ရှန်ဇီပြည်နယ်နှင့် ကပ်လျက်ရှိသော ဟီနန်ပြည်နယ် ကျိယန်းမြို့မှ ထွက်ခွာလာခြင်းဖြစ်သည်။

အန္တရာယ်အများဆုံး

တရုတ်နိုင်ငံအတွင်းရှိ လမ်းများသည် ကမ္ဘာပေါ်မှ အန္တရာယ်အများဆုံး လမ်းများထဲတွင် အပါအဝင်ဖြစ်သည်။ ယာဉ်လမ်းကြောင်း မတော်တဆမှုကြောင့် နှစ်စဉ်လူသေဆုံးမှုများနှင့် ကြုံတွေ့ရသည်။

၂၀၀၉ ခုနှစ်က တစ်ရက်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူ ၁၉၀ နီးပါးခန့် သေဆုံးခဲ့ရာ တစ်နှစ်အတွင်း ၇၀၀၀၀ နီးပါး သေဆုံးမှုဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ။**



နစ်မြုပ်သွားသည့် စစ်သင်္ဘောမှ ဒင်္ဂါးပြားများ သယ်ယူလာသော လေယာဉ် တစ်စင်းနှင့် အစောင့်တစ်ဦးကို တွေ့ရစဉ်။

ချောက်တွင်းထိုးကျပျက်စီးနေသော ဘတ်စ်ကားနှင့် ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။

စစ်သင်္ဘောပျက်မှ ဆယ်ယူရရှိသော ရတနာများ စပိန်နိုင်ငံသို့ရောက်

မက်ဒရစ် ဖေဖော်ဝါရီ ၂၆

၁၈၀၄ ခုနှစ် ရေကြောင်းတိုက်ပွဲအတွင်း နစ်မြုပ်သွားခဲ့သည့် စပိန်စစ်သင်္ဘောမှ ဆယ်ယူရရှိခဲ့သည့် ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါး ၁၇ တန်ကို တင်ဆောင်လာခဲ့သော စစ်ဘက်လေယာဉ်နှစ်စင်းသည် စပိန်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရောက်ရှိလာကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

လေယာဉ်များဆင်းသက်

၂၀၀၇ ခုနှစ် မေလအတွင်းက အမေရိကန်ပြည်ထောင်စုသို့ ရတနာများသယ်ဆောင်သွားခဲ့သည့် ဖလော်ရီဒါအခြေစိုက် အော်ဒက်ဆီမရိမ်းကုမ္ပဏီနှင့် စပိန်အစိုးရသည် ငါးနှစ်ကြာ တရားရင်ဆိုင်ပြီးနောက် ဆယ်ယူရရှိခဲ့သော ဒင်္ဂါးပြား ၅၉၄၀၀၀ နှင့် ရှေးဟောင်းပစ္စည်းများနှင့်အတူ လေယာဉ်များ ဆင်းသက်လာခြင်းဖြစ်သည်။

လေယာဉ်များပေါ်မှ သယ်ချခဲ့သော ရတနာများကို အမည်မဖော်ပြလိုသည့် အရပ်ဌာနသို့ပို့ဆောင်ပေးမည် ဖြစ်သည်ဟု နိုင်ငံအသံလွှင့်ဌာန အာတီဗွီအီးက ကြေညာခဲ့သည်။

ပေါ်တူဂီနိုင်ငံ၏ အတ္တလန္တိတ်ကမ်းခြေအလွန်တွင် နျူအက်စ်တြာဆီနီရာဒီလက်စ်မာစီးဒီးစ်ဖြစ်မည်ဟု ထင်ရသည့် သင်္ဘောပျက်အတွင်း၌ စူးစမ်းရှာဖွေသူများက ရတနာများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်နှစ်မြုပ်

တောင်အမေရိကမှ ထွက်ခွာလာသည့် သင်္ဘောအုပ်စုတစ်စုမှ ယင်းမာစီးဒီးစ်သည် စပိန်နိုင်ငံအနီးသို့ ချဉ်းကပ်လာသည့်အချိန်၌ ဗြိတိသျှသင်္ဘောများက ပစ်ခတ်နှစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ နစ်မြုပ်စဉ်တွင် သင်္ဘောပေါ်၌ သင်္ဘောသား ၂၀၀ ပါရှိသည်ဟု သိရသည်။ **အင်တာနက်။**

အီတလီသင်္ဘောပေါ်မှ စက်သေနတ်များ အိန္ဒိယရဲတပ်ဖွဲ့ သိမ်းဆည်း

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

အီတလီရေနံတင်သင်္ဘောပေါ်မှ တပ်ဖွဲ့ဝင်များ အသုံးပြုခဲ့သည်ဟု ဆိုသည့် စက်သေနတ်များကို အိန္ဒိယရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် သိမ်းဆည်းခဲ့သည်။

အိန္ဒိယတံငါသည်နှစ်ဦးကို ပင်လယ်ဓားပြနှင့် မှားယွင်း၍ ယင်းစက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၅ ရက်က ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အီတလီအလံလွှင့်ထူထားသည့် ရေနံတင်သင်္ဘော အင်ရီကာလီစီ နိုင်ငံတောင်ပိုင်း ကိုချင်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြများရန်မှ ကာကွယ်ရန် အီတလီတပ်ဖွဲ့ဝင်နှစ်ဦးသည် ရေနံတင်သင်္ဘောပေါ်၌ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးကို လူသတ်မှုဖြင့် စွဲချက်တင်၍ အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးထားခဲ့သည်။

အင်တာနက်။

ပါကစ္စတန် အဘော်တာဘတ်မြို့ရှိ အိုစမာဘင်လာဒင်၏တိုက်ကို ဖြိုချပြီ

အဘော်တာဘတ်(ပါကစ္စတန်) ဖေဖော်ဝါရီ ၂၆

လွန်ခဲ့သည့် မေလအတွင်း၌ အမေရိကန်အထူးတပ်ဖွဲ့ဝင်များ လုပ်ကြံသဖြင့် သေဆုံးခဲ့သော အိုစမာဘင်လာဒင် နေထိုင်ခဲ့သည့် ပါကစ္စတန်နိုင်ငံ အနောက်မြောက်အရပ်ဒေသရှိ သုံးထပ်အဆောက်အအုံကို စစ်ဘက်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက် မီးမောင်းကြီးများထိုးကာ စတင်ဖြိုချနေပြီဖြစ်ကြောင်း တနင်္ဂနွေနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ အဘော်တာဘတ်မြို့ရှိ အိုစမာဘင်လာဒင်၏ သုံးထပ်တိုက်ကြီးကို ဖြိုချနေစဉ်။

ညနေပိုင်းအချိန်တွင် အားကောင်းသော ကရိန်းများ တပ်ဆင်ထားသည့် စက်ယန္တရား အနည်းဆုံး သုံးစီးရောက်ရှိလာ၍ ညအချိန်တွင် မီးမောင်းများထိုးကာ စတင်အလုပ်လုပ်ကြကြောင်း အဆိုပါရပ်ကွက်၌ နေထိုင်သူများက ပြောသည်။

စောင့်ကြပ်

လာရောက်ကြည့်ရှုကြသည့် အရပ်သားများနှင့် သတင်းထောက်များ အနားမကပ်နိုင်စေရန် ခြံဝင်းပတ်လည်၌ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိသည်ဟု အဆောက်အအုံ စတင်ဖြိုချသည်ကို အနီးကပ်ကြည့်ရှုခွင့်ရခဲ့သည့် အေပီသတင်းထောက်က ပြောသည်။

ခြံဝင်းအတွင်း၌ စစ်ဘက်တပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိပြီး အလွန်အေးသဖြင့် မီးဖိုထားကြသည်ဟု ဆိုသည်။

ခြံဝင်း၏အပြင်ဘက် အုတ်တံတိုင်း အမြင့်ကြီးများကို ဘူဒိုဇာများဖြင့် ထိုးချသည်ဟု ဆိုသည်။

အဆိုပါ ဘင်လာဒင်၏အဆောက်အအုံကို ဖြိုချခြင်းအား ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က အတည်ပြုပြောကြားပြီး အစိုးရအဖွဲ့က အဘယ်ကြောင့် ယင်းကဲ့သို့ ပြုလုပ်ရသည်ကို ပြောကြားရန် ငြင်းဆိုသည်။

ထိုသို့လုပ်ဆောင်မည့် အစီအစဉ်ကို အစိုးရက ကြိုတင်ပြောကြားခြင်းမပြုဟု ဆိုသည်။ **အင်တာနက်။**

နှစ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတိုးမြှင့်ခြင်းအပြင် နည်းပညာဆိုင်ရာတိုးတက်ပူးပေါင်းဆောင်ရွက်ရန်လို မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေဖြစ်သည့်တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အထိခိုက်ခံမည်မဟုတ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် တိုးတက်အောင်မြင်မှုများရရှိလာခြင်းအပေါ် ဝမ်းမြောက် နှစ်နိုင်ငံအကြား လွှတ်တော်အဆင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်လိုအပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Xin Jiang ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Zhang Zhijun၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး Mr. Deng Sheng Ming၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ အမျိုးသားပြည်သူ့ကွန်ဂရက်နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoli၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Luo Zhao Hui နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ် ပြည်သူ့သမ္မတ နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့ တွေ့ဆုံစဉ်။
(သတင်းစဉ်)

ယင်းသို့တွေ့ဆုံစဉ် မစ္စတာဝူဘန်ကိုက အဆွေတော်အနေဖြင့် တရုတ်နိုင်ငံသို့ မကြာခဏ လာရောက်လည်ပတ်ဖူးသဖြင့် မိတ်ဆွေကောင်းများ အထူးများပြားနေမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ယမန်နေ့က တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျားချင်လင်းနှင့် လည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့❖**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့

ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စတို့ ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီချက်(၄)ချက်ပါ စာချုပ်အား အပြန်အလှန်လဲလှယ်ကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော မွန်ပြည်သစ် ပါတီနှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ Strand Hotel သို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောက်ရှိပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့သည် မွန်ပြည်သစ်ပါတီ (NMSP)ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စဦးစီးသည့်အဖွဲ့နှင့် ပဏာမညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မော်လမြိုင်မြို့ Strand Hotel ၌ ကျင်းပသော မွန်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ်ပါတီ(NMSP)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်ရော့စ ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ညပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာဖြင့် တည်ခင်းဧည့်ခံပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့❑**